စာပေလောကစာအုပ်

mgyoe.com

SAMPLE BOOK



# ငယ်သော်လှတဲ့ အနာဂတ်

## (အနာဂတ်စီးပွားရေးအခင်းအကျင်း)

**THE FUTURE IS SMALL**

The Future Of Business

by Phoebe Wong

မိုးမင်းသိမ်း မြန်မာပြန်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

# ငယ်သော်လှတဲ့ အနာဂတ်

## (အနာဂတ်စီးပွားရေးအခင်းအကျင်း)

THE FUTURE IS SMALL

ဒီစာအုပ်ဟာ ဂျက်မားရဲ့အတ္ထုပ္ပတ္တိ မဟုတ်ပါဘူး။ သူ့ရဲ့ စွန့်ဦးတီထွင်လုပ်ငန်းရှင် ခရီးစဉ်တစ်လျှောက် ဟောပြောချက်တွေ ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းတွေ၊ ကုမ္ပဏီတွေအတွက် အနာဂတ်မှာ ဘယ်ပုံဘယ်နည်းနဲ့ လုံးဝဥဿုံဖွံ့ဖြိုး တိုးတက်အောင် လုပ်ကြမလဲဆိုတာကို ဒီစာအုပ်က နိုက်နိုက်ချွတ်ချွတ်ရှာဖွေ တင်ပြထားပါတယ်။

ရှေ့မှာကြုံရမှာတွေအတွက် ပြင်ဆင်ထားကြဖို့ ပရောဖက်တစ်ဦးလို လူတွေကို လှုံ့ဆော်တိုက်တွန်းတတ်တဲ့ ဂျက်မားက အနာဂတ်နဲ့ပတ်သက်တဲ့ သူ့အမြင်တွေကို စိတ်ဆန္ဒပြင်းပြင်းပြပြနဲ့ ဖော်ထုတ်ဆွေးနွေးထားပါတယ်။ အံ့အားတသင့်ဖြစ်ရမယ့် ကိစ္စတွေတော့ မဟုတ်ပါဘူး။

“အနာဂတ်ဟာ (၃၀)တွေရဲ့အကြောင်းချည်းပဲဖြစ်တယ်၊
နာဂတ်ဟာ ငယ်သော်လှ၏ ” ဆိုတဲ့ ဂျက်မားရဲ့ ပြောဆိုချက်ကို ယုံကြည်ဖို့ပဲလိုပါတယ်။

9789997196460
ငယ်သော်လှတဲ့အနာဂတ် - ၄၀၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

Copyright © 2020 Kanyin Publications Sdn. Bhd.

Copyright arranged by: Kanyin Publications Sdn. Bhd., 31-2, Jalan 11/62A, Bandar Menjalara, 52200 Kepong, Kuala Lumpur, MALAYSIA.

မြန်မာဘာသာပြန်စာမူ မူပိုင် © - စာပေလောကစာအုပ်တိုက်

**All Rights Reserved**

ဤစာအုပ်သည် မူပိုင်ခွင့်ပိုင်ရှင်၏ ကိုယ်စားလှယ်ဖြစ်သော Kanyin Publications Sdn. Bhd. ထံမှ တရားဝင် ဘာသာပြန်ဆိုခွင့် (မူပိုင်ခွင့်) ရယူ၍ 'မြန်မာဘာသာသို့' ပြန်ဆိုထုတ်ဝေခြင်းဖြစ်ပါသည်။ ဤစာအုပ်၏ မြန်မာပြန်ဆိုခြင်းဆိုင်ရာ မူပိုင်ခွင့်အရပ်ရပ်ကို စာပေလောက စာအုပ်တိုက်က ပိုင်ဆိုင်ပါသည်။ အခြား မည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ စာအုပ်တိုက်တစ်တိုက်ကဖြစ်စေ၊ အဆိုပါ မူရင်းစာအုပ် The Future is Small, The Future of Business ကို မြန်မာဘာသာသို့ ပြန်ဆိုထုတ်ဝေခြင်း မပြုရ။

ဤစာအုပ်ပါ အကြောင်းအရာအားလုံးကိုဖြစ်စေ၊ အပိုင်းလိုက်ဖြစ်စေ e-book, pdf, blog, facebook နှင့် အင်တာနက်နည်းပညာသုံး မည်သည့်ကြားခံတွင်ဖြစ်စေ၊ အခြားမည်သည့် နည်းစနစ်နှင့်မဆို ပြောင်းလဲထုတ်ဝေခြင်းကို အထက်ပါမူပိုင်ရှင်၏ စာဖြင့်ရေးသားထားသော ခွင့်ပြုချက်မပါရှိဘဲ ဆောင်ရွက်ခြင်းမပြုရ။ မူပိုင်ရှင်ခွင့်ပြုချက်မပါရှိဘဲ တစ်စုံတစ်ရာသောနည်းပညာဖြင့် ကူးယူဖြန့်ချိခြင်း၊ ထုတ်ဝေခြင်း၊ e-book စသည်ဖြင့် ပြုလုပ်ကြောင်းကိုတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည် ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ ဤစာအုပ်ကို မြန်မာပြန်ဆိုသူ မိုးမင်းသိမ်းသည် ဤစာအုပ်၏ ကျင့်ဝတ်သိက္ခာဆိုင်ရာ မူပိုင်ခွင့်ပိုင်ရှင်ဖြစ်သည်။

mgyoe.com

စာပေလောက စာအုပ် အမှတ် ၄၇၆

mgyoe.com
SAMPLE BOOK

# ငယ်သော်လှတဲ့ အနာဂတ်
# ( အနာဂတ် စီးပွားရေး အခင်းအကျင်း )

Kanyin Publications မှ ၂၀၂၀ပြည့်နှစ်တွင်ထုတ်ဝေသည့် Phoebe Wong ၏
The Future is Small, The Future of Business ကို ဘာသာပြန်ဆိုပါသည်။

မိုးမင်းသိမ်း

စာပေလောက စာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။
[ ဖုန်း - ၀၁ ၈၃၇၄၃၉၁၊ ၀၁ ၈၃၈၈၁၆၉ ]
www.sarpaylawkabookhouse@gmail.com

mgyoe.com

mgyoe.com SAMPLE BOOK

မျက်နှာဖုံး
စိုးနိုင်
- - -
ပုံနှိပ်ခြင်း
ပထမအကြိမ်
(၂၀၀၀)
- - -
ထုတ်ဝေခြင်း
ပထမအကြိမ်
ဇူလိုင်၊ ၂၀၂၀
- - -
တန်ဖိုး
[ ၄၀၀၀ ကျပ် ]

ဦးနေမျိုးညွန့် (၀၀၅၇၈)၊ စာပေလောက စာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍
ဒေါ်ခင်မြင့်ဝေ (၀၀၄၃၀)၊ စာပေလောကပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံး နှင့် အတွင်းစာသားများ ပုံနှိပ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


နိဒါန်း ၁

အပိုင်း ၁၊ နောင် နှစ်ပေါင်း ၃၀ ၈

အခန်း ၁၊ ဒီတီ (အချက်အလက်နည်းပညာ) ခေတ်သို့ ဝင်ရောက်ခြင်း ၁၀

၁. ၁။ ဒီတီ ဆိုတာဘာလဲ။ ၁၂

၁. ၂။ အိုင်တီမှသည် ဒီတီ ဆီသို့ ၁၃

၁. ၃။ နောက်ဆိုရင် ဘာတွေဖြစ်လာမှာလဲ ၁၅

အခန်း ၂၊ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်တွင် ပါဝင်ခြင်း ၂၀

၂. ၁။ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်ဟာ ပြဿနာမဟုတ် ၂၂

၂. ၂။ ဂလိုဘယ်လိုက်ဇေးရှင်းကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း ၂၃

၂. ၃။ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်မှာ ပါဝင်လာအောင် ဖန်တီးရေး ၂၅

၂. ၄။ ဂလိုဘယ်လိုက်ဇေးရှင်းကို ဦးစားပေးသတ်မှတ်ခြင်း ၂၈

၂. ၅။ ဂလိုဘယ်လိုက်ဇေးရှင်းဟာ အဖြေ ၂၉

အခန်း ၃၊ လက်လီရောင်းချမှုအသစ် ကုန်ထုတ်လုပ်မှု အသစ် ၃၂

၃. ၁။ လက်လီအရောင်းစနစ်အသစ် အရုဏ်ဦး ၃၃

၃. ၂ ။ စိတ်ကျေနပ်မှုမှသည် ကွန့်မြူးဖန်တီးထားသည့် လိုအပ်ချက်များဆီသို့ ၃၅

၃. ၃။ လက်လီအရောင်းစနစ်အသစ်ကို တွေကြုံခံစားကြည့်ခြင်း ၃၇

၃. ၄။ ကုန်ထုတ်လုပ်မှုစနစ်အသစ် ၃၈

၃. ၅။ အင်တာနက်တွင် ဖန်တီးခြင်း ၄၀


mgyoe.com

mgyoe.com SAMPLE BOOK

အခန်း ၄၊ အေအိုင်ကို လက်ခံယုံကြည်ခြင်း ၄၄

၄. ၁။ အေအိုင်နှင့် ပတ်သက်၍ စိုးရိမ်ကြောင့်ကြခြင်း ၄၆

၄. ၂။ အေအိုင်ဟာ လူသားတွေရဲ့ ပြိုင်ဘက်မဟုတ် ၄၇

၄. ၃။ အေအိုင်ကို မကြောက်နဲ့ ၄၉

၄. ၄။ အလံနီဥပဒေလိုမျိုး ထပ်မပေါ်ပေါက်အောင် ရှောင်ကြဉ်ရမယ် ၅၁

၄. ၅။ အလုပ်အကိုင်တွေ အလျှံပယ်ရှိနေတုန်းပဲ ၅၃

၄. ၆။ ဖွံ့ဖြိုးတိုးတက်လာမယ့် ဘဝတွေ ၅၄

အခန်း ၅၊ နှစ်ထပ်ကွမ်း အိတ်ချ် လုပ်ငန်း ၅၈

၅. ၁။ အိတ်ချ် နှစ်ထပ်ကွမ်းကို အာရုံစိုက်ခြင်း ၅၉

၅. ၂။ ကျန်းမာရေးနှင့် ပျော်ရွှင်မှုအတွက် အရေးတကြီးလိုအပ်ချက် ၆၁

၅. ၃။ ကျန်းမာပျော်ရွှင်တဲ့ စိတ်အတွေးတွေအတွက် အစားအသောက် ၆၃

၅. ၄။ ကျန်းမာသန်စွမ်းရေး သို့မဟုတ် ကြီးထွားရင့်သန်လာသော အလားအလာ ၆၄

အပိုင်း ၂၊ ဝန်ထမ်း ၃၀ အောက် ၇၀

အခန်း ၆၊ စည်းမျဉ်းစည်းကမ်း သေးသေးလေးတွေတဲ့လား ၇၂

၆. ၁။ ငယ်သော်လှ ၇၄

၆. ၂။ စီးပွားရေးလုပ်ငန်းငယ်များအတွက် အီး-ကုန်သွယ်ရေးစနစ် (အီးကောမာ့စ်) ၇၆

၆. ၃။ ချိန်တန်ပြီ ၇၇

၆. ၄။ ဘယ်လောက်သေးငယ်ပြီး ဘယ်လိုစွမ်းရည်ထက်တာလဲ ၈၀

အခန်း ၇၊ ကိုယ့်ရဲ့ဝန်ဆောင်မှု ၈၈

၇. ၁။ ကုန်ထုတ်လုပ်မှုအသစ်နဲ့အတူ စပြီးလုပ်ကိုင်ဆောင်ရွက်ရမယ် ၈၉

mgyoe.com

mgyoe.com SAMPLE BOOK

၇. ၂။ အကောင်းဆုံးဝန်ဆောင်မှုအတွက် ယှဉ်ပြိုင်ခြင်း ၉၁
၇. ၃။ အပြောင်းမြောက်ဆုံး ဝန်ဆောင်မှုရဲ့ သော့ချက်ဟာ အတွေ့အကြုံပါပဲ ၉၃

**အခန်း ၈၊ အမျိုးသမီးတို့၏စွမ်းပကားကို အသုံးချခြင်း ၁၀၄**
၈. ၁။ ဂရုထားပုံ ၁၀၆
၈. ၂။ တွေးတောကြံဆပုံ ၁၀၈
၈. ၃။ သိရှိပုံ ၁၁၀
၈. ၄။ မဆုတ်မနစ်လုံ့လထုတ်ပုံ ၁၁၁
၈. ၅ ။ အပြောင်းအလဲကို လက်ခံပုံ ၁၁၂
၈. ၆။ ကမ္ဘာလောကကြီးအား ဖွံ့ဖြိုးတိုးတက်စေပုံ ၁၁၄
၈. ၇။ ဟန်ချက်ညီတဲ့လောက ၁၁၅

**အခန်း ၉၊ ကောင်းကောင်း အလုပ်ဖြစ်ဖို့ ၁၁၈**
၉. ၁။ ကုမ္ပဏီကောင်းဆိုတာ အရွယ်အစားနဲ့ မဆိုင်ပါဘူး ၁၁၉
၉. ၂။ အတွင်းကိုကြည့်ပါ၊ ပြင်ပကို မကြည့်ပါနဲ့ ၁၂၀
၉. ၃။ ကြီးပွားချမ်းသာရေးနောက် မလိုက်နဲ့။ တာဝန်ယူပါ ၁၂၃

အပိုင်း ၃၊ အသက်သုံးဆယ် နဲ့ အသက်သုံးဆယ်အောက် ၁၃၀

**အခန်း ၁၀၊ ပညာရေးကို အမိပွာယ် ပြန်လည်ဖွင့်ဆိုခြင်း ၁၃၄**
၁၀. ၁။ အပြောင်းအလဲအတွက် အဆင်သင့်ဖြစ်အောင် ၁၃၆
၁၀. ၂ ။ ပညာရေးကို အနက်ပြန်ဖွင့်ခြင်း ၁၃၇
၁၀. ၃။ အစောပိုင်းအဆင့်မှာ ပိုလိုလာတဲ့ရင်းမြစ်တွေ ၁၃၉
၁၀. ၄။ ကျွန်တော်တို့ကလေးတွေကို စောင့်ကြိုနေတဲ့
တောက်တောက်ပပအနာဂတ် ၁၄၁

mgyoe.com

mgyoe.com SAMPLE BOOK


အခန်း ၁၁၊ ကျူ သုံးလုံး ၁၄၄

၁၁. ၁။ ကျူ ၃ လုံးကို သိရှိနားလည်ရေး ၁၄၆

၁၁. ၂။ အောင်မြင်ဖို့အတွက် ဘယ်လိုကျူတွေ လိုသလဲ ၁၄၇

၁၁. ၃။ အိုင်ကျူ - မြန်မြန်ဆန်ဆန်အရှုံးမပေါ်ရေး သော့ချက် ၁၄၉

၁၁. ၄။ အီးကျူ - အောင်မြင်ရေးသော့ချက် ၁၅၁

၁၁. ၄။ အီးကျူ - အောင်မြင်ရေးသော့ချက် ၁၅၃

အခန်း ၁၂။ အမှာစကားတစ်ခု ၁၅၈

၁၂. ၁။ အလုပ်ပြောင်း မလို့လား။ နှစ်ကြိမ်ပြန်စဉ်းစား ၁၆၀

၁၂. ၂။ ခပ်ကြောင်ကြောင် အိပ်မက်တစ်ခုရှိနေပြီလား။
စလုပ်ကြည့်လိုက်ပါ ၁၆၂

၁၂. ၃။ ဆုံးရှုံးမှုတွေလား၊ လုံးဝအရှုံးမပေးနဲ့ ၁၆၄

၁၂. ၄။ အချိန်ရှိပါသလား။ ဉာဏ်အမြော်အမြင်ရှိရှိ ရင်းနှီးမြှုပ်နှံလိုက်ပါ ၁၆၆

၁၂. ၅။ တစ်ဦးတစ်ယောက်တည်း သွားနေသလား။ မရပါဘူး၊
အဖွဲ့တစ်ခု ဖွဲ့စည်းပြီး ခရီးဆက်ပါလေ ၁၆၈


mgyoe.com

mgyoe.com SAMPLE BOOK

'ဆန်းသစ်တီထွင်ပြောင်းလဲဖို့အတွက် အပြိုင်အဆိုင်လုပ်ကြကိုင်ကြတာဟာ အနာဂတ်ကမ္ဘာဖြစ်တယ်။ ကမ္ဘာ့လူဦးရေဟာလည်း ပိုပြီးကြီးထွားလာလိမ့်မယ်။ ကမ္ဘာလောကကြီးကို ဆန်းသစ်တီထွင်တဲ့ ဒီအင်နိုဗေး ဉာဏ်သစ် လောင်းပေးခြင်းသည်သာ ကမ္ဘာကြီးရဲ့ အနာဂတ်ဖြစ်လာလိမ့်မယ်။ နောင်လာမယ့် နှစ်ပေါင်း ၃၀ ကာလဟာ လူတိုင်း အတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်တယ်။ နောက်အနှစ် ၃၀ ကာလအတွက်နဲ့ လူငယ်တွေ အတွက် မူဝါဒတွေကို အစိုးရတိုင်း၊ နိုင်ငံတိုင်းက ချမှတ်ထားရလိမ့်မယ်။ အသက် ၃၀ အောက်လူငယ်တွေနဲ့ ဝန်ထမ်း ၃၀တောင်မရှိတဲ့ ကုမ္ပဏီငယ်လေးတွေကို အထောက်အကူပြုမယ့် မူဝါဒတွေ ချမှတ်အကောင်အထည်ဖော်ကြဖို့ နိုင်ငံအားလုံးကို ကျွန်တော် မေတ္တာ ရပ်ခံပါတယ်'

ဂျက်မား

mgyoe.com

mgyoe.com



J

mgyoe.com

mgyoe.com SAMPLE BOOK

# နိဒါန်း

*'နောင်လာမယ့် အနှစ် ၃၀ ကာလဟာ ကမ္ဘာကြီးအတွက် အတိမ်းအစောင်းမခံတဲ့ ကာလပဲ။ နည်းပညာ ပေါင်းစပ်ပါဝင်တာတွေ ဖန်တီးကြ၊ ကမ္ဘာကြီးပြောင်းလဲအောင် ဖန်တီးကြ။ အသက် ၃၀ အောက်လူငယ်တွေကို အထူးဂရုပြုကြ။သူတို့တစ်တွေက အင်တာနက်မျိုးဆက်တွေ။ သူတို့ကပဲ ကမ္ဘာကြီးကို ပြောင်းလဲပစ်မှာ'။*

*ဂျက်မား*

တွေးကြည့်ပါလေ။ လူထုရဲ့ မကျေမနပ်ပြောဆိုသံတွေကို နောက်ဆုံး ကြားလိုက်ရတာက သူတို့တစ်တွေ အလုပ်လုပ်နေကြတဲ့ စက်မှုလုပ်ငန်းကြီး သေကောင်ပေါင်းလဲဖြစ်နေပြီလို့ ပြောကြဆိုကြတဲ့ကာလလား။ စီးပွားရေး လုပ်ငန်းကြီးတစ်ခုလုံး ရှေ့မတိုး နောက်မဆုတ် တန့်နေတဲ့ကာလလား။ လက်ကြီးသမားတွေအတွက် သူတို့ကုမ္ပဏီတွေက အပြိုင်အဆိုင် အနိုင် နွှဲစရာမရှိတဲ့ကာလလား။ ရှေ့မျိုးဆက်တွေလို စာဒကတတက်တာမျိုးလည်းမရှိတဲ့ လူငယ်ဝန်ထမ်းတွေ ကို စီမံခန့်ခွဲဖို့ အကျပ်ရိုက်နေတဲ့ကာလလား။ ဉာဏ်တုကြီးစိုးလာတော့မယ်ဆိုပြီး စိုးထိတ်ကာ သူတို့ရင်သွေးတွေ လက်ထဲ လုပ်ငန်းတွေ လွှဲပြောင်းပေးရမှာ ကြောက်ရွံ့နေကြတဲ့ကာလလား။

စာရင်းတို့ကြည့်လိုက်ရင်. . . ။

ဟုတ်ပါတယ်။ အနာဂတ်ကာလဟာ လက်ရှိပစ္စုပ္ပန်ကာလနဲ့ မတူကွဲပြားမှုတွေ တပြုံတမရှိနေမှာပါပဲ။ ဒါဟာ မြေကြီးလက်ခတ်မလွဲ ကြုံတွေ့ရမယ့်ကိစ္စပါ။ ဒါပေတဲ့ ကျွန်တော်တို့ကို လွှမ်းမိုးလာမယ့် အနာဂတ်ကာလအတွက် ကံစီမံရာ အတိုင်းသာလို့ ငုတ်တုတ်ထိုင်စောင့်နေမယ့်အစား ဂျက်မားကတော့ အနာဂတ်ကာလရဲ့ဦးချိုကို ပိုင်ပိုင်နိုင်နိုင်ကြီး ဆုပ်ကိုင်နေပါပြီ။ ပြီးခဲ့တဲ့ နှစ်ကာလတွေတုန်းကတော့ ဂျက်မားဟာ ကမ္ဘာအနှံ့လျှောက်သွားနေခဲ့ပါတယ်။ အထူးသဖြင့် စီးပွားရေးမဖွံ့ဖြိုးသေးတဲ့နိုင်ငံတွေနဲ့ ဖွံ့ဖြိုးပြီး နိုင်ငံတွေဆီသွားတာပါ။ ဘာတွေကို ယုံကြည်မျှော်လင့်ထားကြသလဲ၊

mgyoe.com

mgyoe.com SAMPLE BOOK

အနာဂတ် အတွက် ဘယ်လိုပြင်ဆင်ထားကြသလဲဆိုတာတွေကို လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်တွေ၊ ကျောင်းသူကျောင်းသားတွေနဲ့ ပြောဆိုဆွေးနွေးဖို့ပါပဲ။

ပြောဆိုဆွေးနွေးမှုတွေနဲ့ မီဒီယာတွေဆုံမေးမြန်းခန်းတွေမှာ သူ့ရဲ့ ၃၀ - ၃၀ - ၃၀ သဘောတရားကို တောက်လျှောက် ဟောပြောခဲ့ပါတယ်။ အနာဂတ်ကာလ အတွက် ပြင်ဆင်ရာမှာ အခြေခံအုတ်မြစ်အဖြစ် ယူဆထားတဲ့ သဘောတရားဖြစ်ပါတယ်။

အနာဂတ်ကာလမှာလက်ရှိပစ္စုပ္ပန်ကာလထက်ပိုမိုပူးပေါင်းဆောင်ရွက်မှုတွေ ဖန်တီးဖို့၊ ကုမ္ပဏီငယ်လေးတွေကို အဆင့်မြှင့်တင်ဖို့၊ စက်မှုလုပ်ငန်းအသစ်တွေနဲ့ အခွင့်အလမ်းအသစ်တွေကို တိုးလာစေဖို့၊ ခေါင်းဆောင်ဖြစ်လာမယ့် ဒီကနေ့ လူငယ်တွေ ကို ကြိုတင်ပြင်ဆင်ပေးဖို့ စတဲ့ရည်မှန်းချက်တွေကို အာရုံစိုက်ထားတဲ့ ၃၀ - ၃၀ - ၃၀ သဘောတရားဟာ ကမ္ဘာလောက သစ်ကြီးတစ်ခုလုံးကို ပုံသွင်းပေးပါလိမ့်မယ်။

ဂျက်မားရဲ့ အစကနဦး အကြံပြုချက်ကတော့ **'နောက်လာမယ့် အနှစ် ၃၀ကို ဂရုပြုကြ'** ဆိုတာပဲဖြစ်ပါတယ်။ ဒီ နှစ်ပေါင်း ၃၀ ဟာ ကမ္ဘာကြီးအတွက် သိပ်ကို အရေးပါလာပါလိမ့်မယ်။ နည်းပညာတော်လှန်ရေးတိုင်းဟာ နှစ်ပေါင်း ၅၀ အချိန် ယူရပါတယ်။ ကနဦး နှစ်ပေါင်း ၂၀ကာလအတွင်းမှာ ကုမ္ပဏီတွေ၊ နည်းပညာ တွေကို အခြေစိုက် ထူထောင်ကြရတယ်။ နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွေရဲ့ ဂယက်ရိုက်ခတ်မှုတွေကို နောက် နှစ်ပေါင်း ၃၀ကာလအတွင်းမှာ အထင်အရှားမြင်တွေ့ လာရပါလိမ့်မယ်။

ဂျက်မားရဲ့ ဒုတိယအကြံပြုချက်ကတော့ **'အသက် ၃၀ နဲ့ အသက် ၃၀ အောက် လူငယ်တွေကို ဂရုပြုကြ'** ဖြစ်ပါတယ်။ သူတို့တစ်တွေဟာ အင်တာနက်ခေတ်မှာ မွေးဖွားပြီး လူလားမြောက်လာကြသူတွေပါ။ သူတို့တစ်တွေဟာ ဩဇာတိက္ကမ ပိုပို ကြီးလာပါလိမ့်မယ်။ သူတို့တစ်တွေဟာ အင်တာနက်ကို ယုံယုံကြည်ကြည်သုံးစွဲကြ သူတွေ လည်းဖြစ်ပါ တယ်။ သူတို့ အသက် ၅၀အရွယ်ရောက်ကြတဲ့အချိန်မှာ ကမ္ဘာ ကြီးကိုပြောင်းလဲပစ်မယ့် ခေါင်းဆောင်တွေဖြစ်လာကြပါ လိမ့်မယ်။

ဂျက်မား အကြံပြုတဲ့ တတိယအချက်ကတော့ **'ဝန်ထမ်း ၃၀ အောက်သာ ရှိတဲ့ ကုမ္ပဏီငယ်လေးတွေကို ဂရုပြုကြ'** ရယ်လို့ ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်း

mgyoe.com

mgyoe.com SAMPLE BOOK
ငယ်လေးတွေကို ဆိုလိုတာပါ။ ဖောရက်စ်ဂမ့်ပ် ရုပ်ရှင်ဇာတ်ကားကို ကိုးကားပြီး 'ဝေလငါးတွေဖမ်းဖို့ ငွေကြေးကို ဖန်တီးထားတာမဟုတ်ဘူး။ ပုစွန်တွေဖမ်းဖို့ ဖန်တီးထားတာ'လို့ ဂျက်မားက ဆိုပါတယ်။ ' ငယ်သော် လှ၏။ ငယ်သော် စွမ်းပကားကြီး၏' ဆိုတဲ့ ဂျက်မားရဲ့ လက်စွဲဂါထာမန္တရားကို အမှတ်ရမိပါတယ်။

ဒီစာအုပ်မှာပါရှိတဲ့ အကြောင်းအရာတွေကို ကျွန်တော်တို့ အသေအချာ စီစဉ်ထားပါတယ်။ အနာဂတ်ကာလနဲ့ ပတ်သက်တဲ့ ဂျက်မားရဲ့ ထူးထူးခြားခြားအမြင်တွေကိုလည်း ဝေမျှထားပါတယ်။ အချက်အလက်နည်းပညာနဲ့ ဉာဏ်တုနည်းပညာခေတ်သစ်ကိုလက်ခံကြိုဆိုဖို့အတွက်ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ဘယ်လိုပြင်ဆင်ထားရမလဲဆိုတာကိုလည်း တင်ပြထားပါတယ်။ ကြုံတွေ့ကြရမယ့် မသေချာမရေရာမှုတွေအတွက် အဆင်သင့်ဖြစ်စေဖို့ကိုလည်း ရည်ရွယ်ပါတယ်။

ဒီစာအုပ်ဟာ ဂျက်မားရဲ့ စွန့်ဦးတီထွင်ခရီးလမ်းအကြောင်းဖော်ပြထားတဲ့ အတ္ထုပ္ပတ္တိစာအုပ် မဟုတ်ပါဘူး။ စီးပွားရေးလုပ်ငန်းတွေ၊ ကုမ္ပဏီတွေအတွက် မှန်းဆလို့မရနိုင်တဲ့ အနာဂတ်ကာလကို နှိုက်နှိုက်ချွတ်ချွတ်တင်ပြထားတဲ့ စာအုပ်သာဖြစ်ပါတယ်။

အနာဂတ်အတွက် ပြင်ဆင်ဖို့အတွက် လူထုကိုဆွဲဆောင်စည်းရုံးရာမှာ သုခမိန်တစ်ဦးဖြစ်တဲ့ ဂျက်မားက သူ့ရဲ့ အနာဂတ် အမြင်တွေကို စိတ်အားထက်ထက်သန်သန်နဲ့ မျှဝေထားပါတယ်။ အံ့ဘနန်းဖြစ်ရပ်ဆန်းတွေတော့ဖြင့် မဟုတ်ပါဘူး။ အနာဂတ်ဟာ ၃၀တို့ရဲ့ အကြောင်းသာဖြစ်တယ်လို့ ဂျက်မားပြောဆိုထားတာကို ယုံကြည်လိုက်ကြရ အောင်ပါ။ အနာဂတ်ကာလဟာ သေးသေးငယ်ငယ်သာဖြစ်ပါတယ်။ လှလည်းလှပပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

အနာဂတ်ကာလဟာ သေးသေးငယ်ငယ်သာ။
လှလည်းလှပေရဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း ၁

## နောင် နှစ်ပေါင်း ၃၀

mgyoe.com

mgyoe.com SAMPLE BOOK

နောင် နှစ်ပေါင်း ၃၀ ဟာ ကမ္ဘာကြီးအတွက် အတိမ်းအစောင်းမခံ အခရာကျလှတဲ့ ကာ-လအပိုင်းအခြားတစ်ခုဖြစ်ပါတယ်။ ဂျက်မားဟာ ဒီကာလအပိုင်းအခြားကို အခိုင်အမာယုံကြည်ထားသူဖြစ်ပါတယ်။ နောင်လာမယ့် ဆယ်စုနှစ် သုံးခုအတွင်း ဖွံ့ဖြိုးတိုးတက်မှုတွေကို ဂရုပြုကြဖို့ကိုလည်း အကြံပြုထားပါတယ်။

နည်းပညာတော်လှန်ရေးတွေဟာ နှစ်ငါးဆယ်စက်ဝန်းအတွင်းမှာဖြစ်ပျက်နေတာလို့ ဂျက်မားကဆိုပါတယ်။ ကနဦး နှစ်ပေါင်း ၂၀ ကာလအတွင်းမှာ ကုမ္ပဏီတွေနဲ့ နည်းပညာတွေကို ထူထောင်ကြတယ်။ သူတို့တစ်တွေရဲ့ နည်းပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတွေကို နောက်နှစ်ပေါင်း ၃၀ ကျော်ကာလမှ မြင်တွေ့ကြရမှာဖြစ်ပါတယ်။

ပထမဆုံးနည်းပညာတော်လှန်ရေးဟာ ပထမကမ္ဘာစစ်ကို အကြောင်းခံပြီး ပေါ်ပေါက်ခဲ့ပါတယ်။ ဒုတိယ နည်းပညာ တော်လှန်ရေးဟာလည်း ဒုတိယကမ္ဘာစစ်ကို အကြောင်းခံပြီးပေါ်ပေါက်ခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တတိယနည်းပညာ တော်လှန်ရေးကတော့ ခုလောလောဆယ် ဖြစ်နေပျက်နေတဲ့ ကာလအပိုင်းအခြား ဖြစ်တယ်။ အသက်အိုးအိမ်စည်းစိမ်တွေ ပျက်စီးဆုံးရှုံးမှုမရှိပေမယ့် ကမ္ဘာတစ်ဝန်းမှာ ဂယက်ရိုက်ခတ်မှုတွေရှိနေဆဲဖြစ်ပါတယ်။ ဒါ့အပြင် အလုပ်အကိုင်တွေဖန်တီး ပေးရင်း 'သက်ဝင်လှုပ်ရှား'လျက်ရှိပါတယ်။ ဂျက်မားကလည်း ဒီအချက်ကို အခိုင်အမာပြောပါတယ်။ တတိယနည်းပညာ တော်လှန်ရေးကိုရှေးရှုတဲ့ အကောင်းမြင်စိတ် လိုအပ်တယ်လို့လည်း ဆိုပါတယ်။ ကမ္ဘာကြီးကို ပြောင်းလဲစေမယ့် ဒီလှုပ်ရှားမှုကြီးရဲ့ တစ်စိတ်တစ်ပိုင်းကို အခွင့်အလမ်းတစ်ရပ်အဖြစ် ဆုပ်ဆုပ်ပိုင်ပိုင်ရှိနေကြပြီရယ်လို့လည်း ဂျက်မားက ထောက်ခံအကြံပြုထားပါတယ်။

*'နောင် နှစ်ပေါင်း ၃၀ ကာလ အပြောင်းအလဲတွေဟာ ကျွန်တော်တို့ရဲ့ ပရမ်းပတာအဖြစ်ဆုံး ထင်မြင်ယူဆချက်တွေကို လွန်မြောက်သွားပါလိမ့်မယ်။ လာမယ့် နှစ် ၃၀ ကာလဟာ လုပ်ငန်းတိုင်းအပေါ် ကြီးကြီးမားမားအကျိုးသက်ရောက် ပါလိမ့်မယ်။ အနာဂတ်ကာလကို အဆိုးမြင်ရင်တော့ ပျက်စီးဆုံးရှုံးဖို့ပဲရှိတယ်။ အနာဂတ်ကို အကောင်းမြင်ရင်တော့ အခွင့်အလမ်းတွေပေါ်ကြွယ်အောင် လှိမ့်ဝင်လာမှာပဲ' ( ဂျက်မား )*

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၁

## ဒီတီ (အချက်အလက်နည်းပညာ) ခေတ်သို့ဝင်ရောက်ခြင်း

*'သမိုင်းတစ်လျှောက်မှာနည်းပညာပိုင်းဆိုင်ရာအလျဉ်ပြတ်မှုတွေဟာထက်ကြပ်မကွာ လိုက်လာလေ့ရှိတယ်။ လူ့အဖွဲ့ အစည်းအတွင်း နှစ် ၃၀ကြာ နည်းပညာသစ်အရှိန် အဟုန်နဲ့ပြောင်းလဲပြီးတဲ့နောက် နှစ် ၂၀ကြာ နည်းပညာပိုင်းဆိုင်ရာ အလျဉ်ပြတ်မှု ဖြစ်လာတယ်။ အင်တာနက်တော်လှန်ရေးဟာ သမိုင်းရောင်ပြန်ဟပ်မှုတစ်ခုပဲ။ လျှပ်စစ်မီးကို စတင်မိတ် ဆက်တဲ့ကာလနဲ့ တော်တော်တူတယ်။ အကျိုးသက်ရောက်မှု ကြီးကြီးမားမားရှိတယ်လို့တော့ ဆိုနိုင်တယ်။ နောင် အနှစ် ၃၀ကျော်ကာလမှာတော့ ကွန်ပျူတာနဲ့လုပ်ကိုင်ဆောင်ရွက်မှု စွမ်းရည်ဟာ ' နည်းပညာပိုင်းဆိုင်ရာ ထိုးဖောက် ကျော်လွှား မှု'အသစ်လိုဖြစ်လာမယ်။ အချက်အလက်တွေဟာ ' သဘာဝရင်းမြစ်' အသစ်လိုဖြစ်လာမယ်။ လက်လီအရောင်း လုပ်ငန်းတွေ၊ ငွေကြေးဝန်ဆောင်မှုတွေ၊ ကုန်ထုတ်လုပ်မှုတွေနဲ့ ဖျော်ဖြေရေးလုပ်ငန်းတွေဟာ ပုံစံပြောင်းသွားကြလိမ့်မယ်'*

(၂၀၁၆ ခုနှစ်က အစုရှယ်ယာရှင်တွေဆီပေးပို့တဲ့ ဂျက်မားရဲ့ ပေးစာ)

mgyoe.com

mgyoe.com
SAMPLE BOOK

အများစုမဟုတ်ပေမယ်လို့ ကျွန်တော်တို့ အတော်များများဟာ 'အွန်လိုင်း' မှာ လှုပ်ရှားရှင်သန်နေကြသူတွေဖြစ်တယ်။ ဈေးဝယ်ထွက်တာကနေ ဘဏ်နဲ့ပတ်သက်တဲ့ လုပ်ငန်းဆောင်တာတွေ၊ ဖျော်ဖြေရေးလုပ်ငန်းတွေနဲ့ ဆက်သွယ်ရေးလုပ်ငန်း တွေအထိ ကွန်ပျူတာမျက်နှာပြင်၊ ဖုန်းမျက်နှာပြင် ရှေ့ကနေ လုပ်ကိုင်ဆောင်ရွက်ရတာကို နှစ်ခြိုက်နေကြပြီ။ အင်တာနက်ရဲ့ကျေးဇူးနဲ့ ကျွန်တော်တို့အတွက် လက်တိုလက်တောင်းလုပ်ဆောင်ပေးမယ့်သူတွေကို ငှားရမ်းနိုင်ကြပြီ။ ကျသင့်ငွေတောင်းခံလွှာတွေကိုလည်း အွန်လိုင်းကနေ ပေးချေနိုင်ကြပြီ။ ဘဏ်နဲ့ပတ်သက်တဲ့ လုပ်ငန်းဆောင်တာတွေကိုလည်း ဆောင်ရွက်နိုင်ပြီ။ ဝယ်ယူစရာရှိတာတွေကိုလည်း ဝယ်နိုင်ခြမ်းနိုင်ပြီ။ ဝယ်ခြမ်းထားသမျှကိုလည်း ကျွန်တော်တို့အိမ်တံခါးရှေ့အရောက်ပို့ဆောင်ပေးနေကြပြီ။ ငွေကြေးကင်းမဲ့တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ဆီကို ဦးတည်လျှောက်လှမ်းနေကြ ပြီဆိုတာကတော့ မြေကြီးလက်ခတ်မလွဲပါပဲ။

ကျွန်တော်တို့ရဲ့ အွန်လိုင်းအမူအကျင့်တွေကိုမတူကွဲပြားတဲ့ရှုထောင့်ကနေကြည့်ကြရအောင်။ ကျွန်တော်တို့ လိုအပ်သမျှ ရရှိဖို့အတွက် အွန်လိုင်းကို ဘာတွေပေးလိုက်ရပါသလဲ။ ကျွန်တော်တို့ရဲ့ ကိုယ်ရေးကိုယ်တာအချက်အလက် တွေပေးလိုက်ရတာပါကလား။

ကျွန်တော်တို့ လိုအပ်တဲ့ ဝန်ဆောင်မှုတွေပြန်ရဖို့အတွက် ဘဏ်ငွေစာရင်းအသေးစိတ်အချက်အလက်တွေ၊ အီးမေးလ်လိပ်စာတွေနဲ့ ကိုယ်ရေးကိုယ်တာအချက်အလက် သဗ္ဗရန်ပေါင်းစုံကို အင်တာနက်ကနေပေးလိုက်ကြရပါတယ်။ ဒါဆိုရင် အဲဒီအချက်အလက်တွေ ဘယ်ရောက်သွားပါသလဲ။ ဘယ်နေရာမှာ သိမ်းဆည်းသိုမှီးထားပါသလဲ။ ဘယ်လိုတွေ သုံးစွဲနေကြပါသလဲ။ ဘေးကင်းလုံခြုံမှုကော ရှိပါရဲ့လား။ ဒီလိုဧရာမအချက်အလက်အစုအဝေးကြီးကို စုဆောင်းသိုမှီးထားခြင်းဟာ ကမ္ဘာကြီးကို ဘယ်ပုံဘယ်နည်းနဲ့ အကျိုးရှိစေပါသလဲ။

'အချက်အလက်၊ အနှောင့်အယှက်ကင်းရေးနဲ့ ဘေးကင်းလုံခြုံရေးကိစ္စရပ်တွေကို နေရာတိုင်းမှာ လူတိုင်းက စိုးရိမ်ပူပန်နေကြတယ်။ တစ်ခုခုကို လူတွေစိုးရိမ်ပူပန်နေပြီ ဆိုတာဟာ အခွင့်အလမ်းကြီးကြီးမားမားတွေ လာနေပြီဆိုတဲ့ သဘောပါပဲ။ ဒီ ( အချက်အလက်စုဆောင်းမှုတွေ ) ကို ရပ်တန့်ပစ်လို့ မရနိုင်ပါဘူး။ ( လုပ်ဆောင်နိုင်တာက ) တစ်ခုတည်းရှိပါ တယ်။ အချက်အလက်စုဆောင်းမှုတွေကို ယုံယုံကြည်ကြည်လက်ခံလိုက်ဖို့ပါပဲ။ တစ်နည်းအားဖြင့် ကိုယ့်ကိုယ်ကိုယ် ပြောင်းလဲပစ်လိုက်ဖို့ပဲရှိပါတယ်' လို့ ဂျက်မားက ပြောခဲ့ဖူးပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

## ၁.၁။ ဒီတီ ဆိုတာဘာလဲ။

ပထမဆုံးပြောရမှာက ဒီတီ နဲ့ အိုင်တီ ကို သိပါသလားဆိုတာပါ။ ဒီတီ နဲ့ အိုင်တီမှာ ဘာတွေ ကွဲပြားခြားနားနေပါသလဲ။

တောင်ကိုရီးယားနိုင်ငံက ကေဘီအက်စ်ဝေါလ်နဲ့ ၂၀၁၅ ခုနှစ်အတွင်းမှာ တွေ့ဆုံမေးမြန်းခန်းအစီအစဉ်လုပ်ကြတော့ အိုင်တီနဲ့ ဒီတီအပေါ် သူ့ရဲ့အမြင်အတွေး တွေကို ဂျက်မားက ပြောပြခဲ့ဖူးပါတယ်။ 'ပြီးခဲ့တဲ့ နှစ်ပေါင်း ၂၀ ကာလအပိုင်း အခြားကို 'သတင်းအချက်အလက် နည်းပညာ' ဒါမှမဟုတ် အိုင်တီ ခေတ်လို့ကျွန်တော်တို့ ခေါ် တွင် ခဲ့ကြတယ်။ အိုင်တီဟာ ကုမ္ပဏီကြီးတွေကို ပိုပြီးကြီးထွားကြွံခိုင်အောင် လုပ်ဆောင်ပေး ပါတယ်။ ကိုယ့်ကိုယ်ကိုယ် ပိုအားကောင်းလာအောင်၊ တစ်ခုခုရဖို့အတွက် ကိုယ့် ကိုယ်ကိုယ် ပိုပြီးအားထုတ်လာအောင် အိုင်တီက လုပ်ဆောင်ပေးပါတယ်။ ဒါပေတဲ့ ခုဆိုရင် ကျွန်တော်တို့ဟာ ခေတ်သစ်တစ်ခုထဲကို ဝင်ရောက်နေပါပြီ။ 'အချက်အလက် နည်းပညာ ' ဒါမှမဟုတ် ဒီတီ ခေတ်ကြီးပါ။ ဒီတီကတော့ အိုင်တီနဲ့ ဆန့်ကျင်ဘက် ဖြစ်ပါတယ်။ အိုင်တီက ' ငါ့မှာရှိတယ်။ မင်းမှာတော့ဖြင့် မရှိဘူး' လို့ပြောပါတယ်။ 'မင်းမှာရှိတယ်။ ရှိအောင်လုပ်ဖို့အတွက်တော့ဖြင့် ငါ့မှာမရှိဘူး'လို့ပြောပါတယ်။ ဒီတီ ဟာ မျှဝေခြင်းနဲ့ တာဝန်ယူခြင်း ဖြစ်ပါတယ်'လို့ဆိုတယ်။

အချုပ်ကတော့ သတင်းအချက်အလက်နည်းပညာဟာ ထိန်းချုပ်ဖို့ ရည်ရွယ် ပါတယ်။ အချက်အလက်နည်းပညာကတော့ ဝေမျှသုံးစွဲခြင်းအတွက် ရည်ရွယ်ပါတယ်။

အိုင်တီနဲ့ ဒီတီ ကြားက မတူကွဲပြားမှုတွေကို ရှင်းရှင်းလင်းလင်း မသိသေး ရင်တော့ LuckScout.com က ဖော်ပြထားတဲ့ ဆောင်းပါးကိုသာ ရှာဖတ်ကြည့်ပါလေ။

'ဘလော့ဂ်တစ်ခု စလုပ်ချင်တယ်ဆိုကြပါစို့ရဲ့။ အိုင်တီကျွမ်းကျင်သူတစ်ယောက် မဟုတ်တဲ့အတွက် ဘလော့ဂ် တစ်ခု ဘယ်လိုတည်ဆောက်ရမှန်း မသိဘူးပေါ့။ ကိုယ့် အတွက် လုပ်ကိုင်ပေးမယ့်၊ ဘလော့ဂ်တစ်ခုကို ဘယ်ပုံဘယ်နည်း ပုံစံချလုပ်ဆောင် ရမယ်ဆိုတာကိုသိတဲ့ အိုင်တီကျွမ်းကျင်သူတစ်ယောက်ကို မေးရမြန်းရမယ်။ ကိုယ့်ရဲ့ ဘလော့ဂ် ဒါမှမဟုတ် ဝက်ဘ်ဆိုက်မှာ ပြဿနာအနည်းအကျဉ်းရှိတဲ့အကြောင်း ပြောကြရအောင်။ ဝက်ဘ်စာမျက်နှာတွေကို ဝင်ကြည့်ရင်း ပရိုဂရမ်နဲ့ပတ်သက်တဲ့ အမှားအယွင်းတွေ ပေါ်လာတယ်ဆိုပါစို့။ ပရိုဂရမ်မင်း ဘာသာရပ်မှာ ကျွမ်းကျင်တဲ့ အိုင်တီလူသားတစ်ယောက်မဟုတ်တဲ့အတွက် ပြဿနာနဲ့ အမှားအယွင်းတွေကို ဘယ်လို


mgyoe.com

mgyoe.com
SAMPLE BOOK

ဖြေရှင်းရမှန်းသိမှာ မဟုတ်ဘူး။ အိုင်တီကျွမ်းကျင်သူတစ်ယောက်ကို မေးရမြန်းရတဲ့အခါ. . .

ကိုယ်က ဒီတီ လူသားတစ်ယောက်ဖြစ်နေတဲ့အတွက် (၁) ကိုယ့်မြို့က စာကြည့်တိုက်လိပ်စာလို သာမန်အချက်အလက်တချို့ရှိနေတယ်။ (၂) ကိုယ့်အချက်အလက်တွေကို တခြားသူတွေနဲ့ ဝေမျှထားတယ်။ စာကြည့်တိုက်လိပ်စာသိဖို့အတွက် ကျွမ်းကျင်သူတစ်ယောက်ဖြစ်စရာမလိုဘူး။ လိပ်စာသိဖို့ပဲလိုတာလေ။ ဘယ်လိုပဲဖြစ်ဖြစ် လိပ်စာကို တခြားသူတွေဆီ ဝေမျှပေးနိုင်တယ်။ ဒီလိပ်စာလေးဟာ သူတို့အတွက်ကျတော့ အများကြီးအထောက်အကူဖြစ်နေတယ်။ ကိုယ်သိထားတဲ့လိပ်စာလေးကိုပဲ တခြားလူတွေအများကြီးက အသည်းအသန်လိုက်ရှာနေတတ်ကြလို့ပဲ။ လိပ်စာလေးကို ဝေမျှပေးပြီး သူတို့ပြဿနာကိုပြေလည်အောင်ဖြေရှင်းပေးနိုင်တယ်။ အနည်းဆုံးတော့ လိပ်စာလေးတစ်ခုအတွက် သူတို့အချိန်မကုန် တော့ဘူးပေါ့။ ဒါကတော့ အချက်အလက်နည်းပညာ ဒါမှမဟုတ် ဒီတီ အနေနဲ့ ဘယ်ပုံဘယ်နည်း အလုပ်လုပ်သလဲဆိုတာပါပဲ။

အထက်မှာ ဖော်ပြခဲ့တဲ့အတိုင်းပဲ ခင်ဗျားကော၊ ကျွန်တော်ကော၊ လူတိုင်းလူတိုင်း ဒီခေတ်ကြီးထဲမှာ ရှင်သန်နေထိုင်ကြတာဖြစ်ပါတယ်။ အင်တာနက်သုံးစွဲသူတွေ၊ သတင်းအချက်အလက်ကို အွန်လိုင်းကနေ ပေးဝေနေသူတွေအဖြစ် အချက်အလက်နည်းပညာခေတ်ကြီးထဲမှာ ရှင်သန်နေထိုင်ကြတာလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဒီတီ လူသားတွေပါ။

---

[illegible]

---

## ၁.၂။ အိုင်တီမှသည် ဒီတီ ဆီသို့

လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ ကာလကို အင်တာနက်ကုမ္ပဏီတွေက ပိုင်ဆိုင်စိုးမိုးထားတယ်လို့ သဘောတူရင်တော့ ခုပစ္စုပ္ပန်ကာလနဲ့ အနာဂတ်အပေါ် ဂျက်မားရဲ့ ထင်မြင်ယူဆချက်ကိုလည်း သဘောတူမှာပါ။ အင်တာနက်ကနေတစ်ဆင့် အချက်အလက်စုဆောင်းသိမ်းဆည်းကြတဲ့ ကုမ္ပဏီတွေက ကမ္ဘာကြီးကို ပိုင်ဆိုင်စိုးမိုးမယ်ဆိုတဲ့ အယူအဆပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

၂၀၁၇ ခုနှစ်က တရုတ်နိုင်ငံ ( စဲင်ကျဲင် ) မှာကျင်းပခဲ့တဲ့ အိုင်တီခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးမှာ ဂျက်မားက ရှင်းလင်းတင်ပြခဲ့တာရှိပါတယ်။ အင်တာနက် ဩဇာအရှိန်အဝါရှိတဲ့ ကုမ္ပဏီတွေက ကမ္ဘာကြီးကို ပိုင်စိုးကြလိမ့် မယ်ဆိုတာကို ရှင်းပြခဲ့တာပါ။ ' အနာဂတ်ကာလမှာ ဖောက်သည်အများစုကို အွန်လိုင်းကနေ ဝန်ဆောင်မှုပေးကြရလိမ့်မယ်။ ဒီကနေ့ အွန်လိုင်းသုံးစွဲသူ ၈၀ ရာခိုင်နှုန်းဟာ ၈၀ပြည့်နှစ်တွေမှာမွေးဖွားတဲ့ မျိုးဆက်တွေပဲ။ သိပ်မကြာခင်မှာ ၉၀ ပြည့်နှစ် (မျိုးဆက်တွေ) နဲ့ ထောင်စုနှစ်ဖွားမျိုးဆက်တွေဟာ အွန်လိုင်းပေါ် ကို ရောက်လာကြတော့မယ်။ ခုကာလ အွန်လိုင်းပေါ် မှာ မရှိသူအများစုဟာ အသက် ၆၀ နဲ့အထက်ရှိသူတွေ ဖြစ်တယ်။ တစ်ယောက်က ကျွန်တော့်ကိုပြောဖူးတယ်။ သူဟာ အင်တာနက်ပေါ် ကို လုံးဝမရောက်ဖူးသလို အွန်လိုင်းကနေလည်း ဘာမှမဝယ်ဖူးဘူးတဲ့။ ဒါဟာ အွန်လိုင်းရေစီးကြောင်းကို မလိုက်တာဘဲလို့ ပြောလိုက်မိတယ်'လို့ ရှင်းပြခဲ့တယ်။

ဂျက်မားအတွက်ကတော့ဖြင့် အွန်လိုင်းပေါ် တက်တာဟာ လိုအပ်ချက်ဖြစ်ပါတယ်။ နှစ်ပေါင်း ၂၀၊ ၃၀ ကာလ အတွင်းမှာ စားသုံးသူတွေဟာ အင်တာနက်ခေတ်မှာ မွေးဖွားကြီးပြင်းလာကြမှာဖြစ်လို့ပါပဲ။

'အနာဂတ်ကာလမှာ ကမ္ဘာကြီးကို လောင်စာဆီတွေ၊ တခြားအရာဝတ္ထုတွေနဲ့ ချိတ်ဆက်တော့မှာ မဟုတ်ဘူး။ အချက်အလက်တွေနဲ့သာ ချိတ်ဆက်တော့မှာဖြစ်တယ်။ စီးပွားရေးလုပ်ငန်းတွေဟာလည်း စီတူဘီ (စားသုံးသူကနေ စီးပွားရေးလုပ်ငန်းသို့)ဖြစ်လာကြလိမ့်မယ်။ ဘီတူစီ(စီးပွားရေးလုပ်ငန်းကနေ စားသုံးသူသို့) ဆိုတာမျိုးမဟုတ်တော့ဘူး။ အချက်အ လက်တွေ တပြုံတမကြီးရှိနေတာကြောင့် ကုန်ထုတ်လုပ်သူတွေဟာ စားသုံးသူစိတ်တိုင်းကျကုန်စည်တွေကိုသာ ဖန်တီး ထုတ်လုပ်ရတော့မှာဖြစ်တယ်။ နို့မဟုတ်ရင်တော့ အခက်အခဲ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်ကြရလိမ့်မယ်' လို့ ဂျာမနီနိုင်ငံ၊ ဟန်နိုဗာမှာကျင်းပတဲ့ စီဘစ်ထ် ၂၀၁၅ နည်းပညာကုန်စည်ပြပွဲရဲ့ အဖွင့်မိန့်ခွန်းပြောကြားရာမှာ ဂျက်မားက အဓိကအချက်အဖြစ် ထည့်သွင်းပြောကြားသွားခဲ့တယ်။ သိပ်မကြာတော့တဲ့ကာလအပိုင်းအခြားအတွင်းမှာ ဘီဇနက်လုပ်ငန်းတွေနဲ့ စီးပွားရေးလုပ်ငန်းကြီးတွေမှာ အချက်အလက်တွေဟာ တိုးတက်လာတဲ့အခန်းကဏ္ဍကနေ ပါဝင်လာလိမ့်မယ်လို့လည်း အလေးအနက်ပြောကြားသွားခဲ့တယ်။



mgyoe.com

mgyoe.com SAMPLE BOOK

အချက်အလက်နည်းပညာခေတ်သစ်ကို ကြိုဆိုဖို့အတွက် (၁) စီးပွားရေးလုပ်ငန်းတွေအားလုံး အချက်အလက်တွေအဖြစ်ပြောင်းလဲပါ(၂) အချက်အလက်တွေ အားလုံးကိုလည်း စီးပွားရေးလုပ်ငန်းတွေအဖြစ်ပြောင်းလဲပါလို့ ဂျက်မားက အကြံပြုတင်ပြခဲ့ပါတယ်။

အစုရှယ်ယာရှင်တွေဆီပေးပို့တဲ့ သူ့ရဲ့နှစ်ပတ်လည်အစီရင်ခံစာတွေထဲက တစ်စောင်မှာ ဂျက်မားက ဝေဖန် ထောက်ပြခဲ့တာရှိပါတယ်။ စက်မှုလုပ်ငန်းအပေါ် အင်တာနက်ရဲ့အကျိုးသက်ရောက်မှုဟာ အရေးပါအရာရောက်တဲ့ အခိုက်အတန့်ဖြစ်ပြီး လျှပ်စစ်စွမ်းအင်ကိုမိတ်ဆက်တင်ပြခဲ့တဲ့ကာလလိုပဲ အရေးကြီးတယ်လို့ဆိုပါတယ်။ ' နောက်လာမယ့် နှစ်ပေါင်း ၃၀ ကျော်ကာလမှာ ' နည်းပညာပိုင်းဆိုင်ရာ ထိုးဖောက်ကျော်လွှားမှု' အသစ်အဖြစ် ကွန်ပျူတာနဲ့လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းရှိမယ်။ 'သဘာဝအရင်းအမြစ်'အသစ်အနေနဲ့ အချက်အလက်တွေရှိမယ်။ လက်လီအရောင်း၊ ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းတွေ၊ ကုန်ထုတ်လုပ်ရေးနဲ့ ဖျော်ဖြေရေးလုပ်ငန်းတွေအားလုံး အုံနဲ့ကျင်းနဲ့ အသွင်ပြောင်းသွားကြ လိမ့်မယ်'လို့ဆိုပါတယ်။

> ကမ္ဘာကြီးကို လောင်စာဆီ ဒါမှမဟုတ် တခြားအရာတွေနဲ့ချိတ်ဆက်တော့မှာ မဟုတ်ဘူး။ အချက်အလက်တွေနဲ့ ချိတ်ဆက်တော့မှာ။ ( ဂျက်မား )

## ၁.၃။ နောက်ဆိုရင် ဘာတွေဖြစ်လာမှာလဲ။

စီးပွားရေးကို ပုံဖော်ဖို့အတွက် မတွေးတတ်နိုင်လောက်အောင်ကြီးမားတဲ့ အကျိုးရလဒ်တွေကိုဆောင်ကြဉ်း လာမယ့် အလားအလာသစ်ကြီးငါးခုအတွက် အသင့်ပြင်ဆင်ထားကြရအောင်လို့ ဟာန်ကျိုးဝူမှာ အလီဘာဘာ ကွန်ပျူတာစနစ်ပိုင်းဆိုင်ရာ ညီလာခံ ၂၀၁၆ ကျင်းပနေစဉ်အတွင်း ဂျက်မားကပြောဆိုခဲ့ပါတယ်။

### ၁။ လက်လီအရောင်းစနစ်သစ်

နောက်လာမယ့် ၁၀နှစ်၊ အနှစ် ၂၀ကာလအကျော်မှာ အီး - ကုန်သွယ်ရောင်းဝယ်မှု သန့်သန့်ခေတ်ဟာ တဖြည်းဖြည်း ရပ်တန့်သွားလိမ့်မယ်လို့ ဂျက်မားက ဆိုတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီနေရာမှာအစားထိုးဖို့အတွက် အွန်လိုင်း၊ အွန်လိုင်းပြင်ပ နဲ့ ထောက်ပံ့ပို့ဆောင်ရေး စနစ်တွေဟာ'လက်လီအရောင်းစနစ်သစ်'ကိုဖန်တီးကြလိမ့်မယ်။ အွန်လိုင်းနဲ့လုပ်ဆောင်ခြင်းမရှိတဲ့ လုပ်ငန်းကြီးတွေဟာ အွန်လိုင်းဆီ သွားကိုသွားကြရမယ်။ အွန်လိုင်းလုပ်ငန်းကြီးတွေကလည်း အွန်လိုင်းပြင်ပလုပ် ငန်းကြီးတွေဆီသွားကြရမယ်။ အချက်အလက် ထုကြီးထည်ကြီးတွေသုံးစွဲပြီး ခေတ်မီ ထောက်ပံ့ပို့ဆောင်ရေးနဲ့အတူ ပေါင်းစပ်ရလိမ့်မယ်။

အချိန်တိုတိုနဲ့ အကျိုးရှိခရီးရောက်မှုဟာ လက်လီအရောင်းစနစ်သစ်ရဲ့ အနှစ်သာရပဲ။

## ၂။ ကုန်ထုတ်လုပ်မှုစနစ်သစ်

နောင် အနှစ် ၃၀ကာလအတွင်းမှာ ကုန်ထုတ်လုပ်ငန်းဟာ ဉာဏ်ရည်ဉာဏ်သွေး၊ ကိုယ်ပိုင် အမှတ်သညာဖန်တီးမှုနဲ့ ဝယ်သူစိတ်ကြိုက် အထူးထုတ်လုပ်မှုတွေကို အထူးတလည် အာရုံစိုက်လုပ်ဆောင်ကြရလိမ့်မယ်။ ' ကုန်ထုတ်လုပ်ငန်း တွေမှာ ကိုယ်ပိုင် အမှတ်သညာဖန်တီးမှုနဲ့ ဝယ်သူစိတ်ကြိုက် အထူးထုတ်လုပ်မှုတွေကို ထည့်မပေးနိုင်ခဲ့ရင် ကုန်ထုတ်လုပ်ငန်းဟာ ကံဆိုးမိုးမှောင်ကျပြီး ပျက်ကိန်းကြုံမှာဖြစ်တယ်'လို့ ဂျက်မားက ဟောကိန်းထုတ်ခဲ့ပါတယ်။

နောက်လာမယ့် နည်းပညာတော်လှန်ရေးကို အင်တာနက်နဲ့ ပတ်သက်တဲ့ အရာတွေက မောင်းနှင်မှာဖြစ်တယ်။ အင်တာနက်နဲ့ပတ်သက်တဲ့အရာတွေမှာ ဉာဏ်တုနဲ့ စမတ်စက်ပစ္စည်းကိရိယာတွေကလည်း မရှိမဖြစ်ပါဝင်လာကြမှာပါပဲ။ ထုတ်လုပ်ရေး ပုံစံဟောင်းဖြစ်တဲ့ ဘီတူစီ ( စီးပွားရေးလုပ်ငန်းကနေ စားသုံးသူသို့ ) ဟာ စီတူဘီ (စားသုံးသူဆီကနေ စီးပွားရေးလုပ်ငန်း) ထုတ်လုပ်ရေးပုံစံဆီ အသွင်ပြောင်းသွားပါလိမ့်မယ်။ စားသုံးသူရဲ့ ဝယ်လိုအားပေါ်မူတည် ထုတ်လုပ်တဲ့သဘောပါပဲ။

## ၃။ ငွေကြေးစနစ်သစ်

ငွေကြေးစနစ်သစ်မွေးဖွားလာခြင်းဟာ လူ့အဖွဲ့အစည်းကြီးတစ်ခုလုံး အသွင်ပြောင်းလဲရေးကို အရှိန်မြင့်ပေးပါလိမ့် မယ်။ အနာဂတ်ငွေကြေးစနစ်သစ်ဟာ စီးပွားရေးလုပ်ငန်းတွေရဲ့ စဝရာခိုင်နှုန်းကို အထောက်အကူပြုဖို့ အာရုံစိုက်ပါလိမ့် မယ်။ ဒီစီးပွားရေး



mgyoe.com

mgyoe.com
SAMPLE BOOK

လုပ်ငန်းတွေမှာ အသေးစားနဲ့ အလယ်အလတ်စားစီးပွားရေးလုပ်ငန်းတွေနဲ့ တစ်ပိုင်တစ်နိုင်စီးပွားရေး လုပ်ငန်းတွေပါဝင်ပါတယ်။ 'အင်တာနက်ငွေကြေးလုပ်ငန်းဟာ မှန်မှန်ကန်ကန်လုပ်ဆောင်တဲ့ ကာလသတ်မှတ်ငွေချေးငှား ခြင်းစနစ်သစ်တစ်ရပ်ကို ဖန်တီးဖို့အတွက် အချက်အလက်တွေရဲ့ ဩဇာအရှိန်အဝါကို သုံးစွဲကြလိမ့်မယ်။ လူကြိုက်များရေပန်းစားတဲ့ငွေကြေးစနစ်တစ်ရပ်ကိုလည်းဆောင်ကြဉ်းလာလိမ့်မယ်။ လူတိုင်းအတွက် ပြည့်စုံလုံလောက်တဲ့ငွေကြေး စနစ်ဖြစ်ဖို့လည်း အထောက်အကူပြုပါလိမ့်မယ်'။

## ၄။ နည်းပညာအသစ်

ရှိနေပြီးဖြစ်တဲ့ မိုဘိုင်းအင်တာနက်ဟာ သိပ်မကြာခင်ကာလမှာ နည်းပညာအသစ်ကို မွေးဖွားလိမ့်မယ်လို့ ဂျက်မားက တွက်ဆထားပါတယ်။ ပီစီချစ်ပ်ဆက်အဟောင်းတွေနေရာမှာ မိုဘိုင်းချစ်ပ်ဆက်တွေ အစားထိုးဝင်ရောက် လာမယ်။ လည်ပတ်နေတဲ့စနစ်ဟောင်းနေရာမှာ မိုဘိုင်းအိုအက်စ်တွေ အစားထိုးဝင်ရောက်လာမယ်။ ဉာဏ်တုနဲ့ ပကတိနီးပါးမြင်တွေ့မှုတွေ အသုံးပြုခြင်းက စက်တွေနေရာမှာအစားထိုးဝင်ရောက်လာကြလိမ့်မယ်။

## ၅။ စွမ်းအင်ရင်းမြစ်အသစ်

ဓာတ်ဆီ၊ ချောဆီ၊ လောင်စာဆီနဲ့ ကျောက်မီးသွေးတွေအစား အချက်အလက်ပေါ်အမှီပြုကာ အနာဂတ်နည်းပညာ ဖွံ့ဖြိုးတိုးတက်လာမှုတွေဟာ စွမ်းအင်ရင်းမြစ်အသစ်ဖြစ်တယ်။ အချက်အလက်ဆိုတာဟာ လူသားတွေဖန်တီးလိုက်တဲ့ ပထမဆုံးသော ရင်းမြစ်ဖြစ်တယ်။ ရင်းမြစ်အဟောင်းတွေဟာ ဝတ်ဆင်လို့မရတော့တဲ့ အဝတ်ဟောင်း၊ အဝတ်စုတ်တွေဖြစ်သွားပါပြီ။ ဘာပဲဖြစ်ဖြစ် အချက်အလက်တွေကို ပိုပိုသုံးစွဲလာတာနဲ့အမျှ အချက်အလက်တွေဟာ ပိုပိုပြီးတန်ဖိုးရှိလာကြပါ တော့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

အချက်အလက်တွေမရှိဘဲနဲ့ ဘာမှ လုပ်လို့မရဘူး၊ ဒီနည်းပညာတော်လှန်ရေးကို ဖြစ်ဆင်ထားပြီဆိုရင်၊ ယုံယုံကြည်ကြည်ရှိတယ်ဆိုရင် ခုပဲ စလုပ်လိုက်တော့၊ ဒီနေ့ လုပ်ရမှာကို နေ့ရွှေ့ညရွှေ့လုပ်နေရင်တော့ ၁၅ နှစ်လောက် အားထုတ်လုပ်ဆောင်မှ ဖြစ်မယ်။

ဂျက်မား

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၂

## ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်တွင်ပါဝင်ခြင်း

*ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်ကြီးထဲပါဝင်နေတာကို ကျွန်တော်တို့ ယုံယုံကြည်ကြည် ရှိကြတယ်။ ဒါပေမဲ့ အတော်များများက မယုံမကြည်ဖြစ်နေကြတုန်းဘဲ။ ဒါကလည်း ဂလိုဘယ်လိုက်ဇေးရှင်း ဖြစ်စဉ်ကြီးမှာ ပါဝင်ပတ်သက်မှုမရှိ လို့ဘဲ။ ဒီအခြေအနေကြီး တိုးတက်ကောင်းမွန်လာအောင် ဘယ်လိုလုပ်ကြမလဲ။ ပြီးခဲ့တဲ့ နှစ်ပေါင်း ၂၀ ကာလ အတွင်းမှာ ကမ္ဘာတစ်ဝန်းက ကုမ္ပဏီပေါင်း ၆၀၀၀၀ က ဂလိုဘယ်လိုက်ဇေးရှင်း ဖြစ်စဉ်ကြီးကို ထိန်းချုပ်ထားကြတယ်။ စီးပွားရေးလုပ် ငန်းပေါင်း သန်း ၆၀ အထိ ရောက်အောင် ချဲ့ထွင်နိုင်မလားဆိုတာကို ကျွန်တော်တို့ စိတ်ကူးကြည့်ကြရအောင်'။*

(ဒါဗို့စ်မှာကျင်းပတဲ့ ကမ္ဘာ့စီးပွားရေးဖိုရမ် ၂၀၁၉ မှာ ဂျက်မားပြောဆိုခဲ့တာ)



mgyoe.com

mgyoe.com
SAMPLE BOOK

ဂျက်မားဟာ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်ကိုရည်ရွယ်ပြီး အမြဲတစေ ရောင်းချခဲ့သူဖြစ်ပါတယ်။ သူ့အတွက်ကတော့ ဂလိုဘယ်လိုက်ဇေးရှင်းဟာ ပြေးလည်းမလွတ် ရှောင်လည်းမရတဲ့ အခြေအနေဖြစ်ပါတယ်။ ဘယ်လောက်အားထုတ် သည်ဖြစ်စေ ရှောင်လို့တိမ်းလို့မရတဲ့အခြေအနေမျိုးပါ။ ဒါကလည်း ဂလိုဘယ်လိုက်ဇေးရှင်းဟာ စီးပွားရေးနဲ့သာသက်ဆိုင် တာမျိုးမဟုတ်ဘဲ ဘဝရဲ့ဘက်ပေါင်းစုံမှာ ကြီးပွားတိုးတက်ရေးနဲ့ လက်ရှိအခြေအနေအတိုင်း ဆက်ထိန်းထားနိုင်ဖို့ လမ်းစ တစ်ခုဖြစ်နေတာကြောင့်ပါ။

အမေရိကန် တရုတ် ကုန်သွယ်ရေးစစ်ပွဲဟာ ၂၀၁၈ ခုနှစ်အတွင်းမှာ စတင်ဖြစ်ပွားခဲ့ပြီး ၂၀၁၉ ခုနှစ်အတွင်းမှာ အရှိန်မြင့်လာခဲ့တယ်။ ကုန်သွယ်ရေးစစ်ပွဲဖြစ်နေလင့်ကစား အလီဘာဘာအနေနဲ့ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်ကြီးထဲက ကုမ္ပဏီတစ်ခုအဖြစ် ဆက်လက်ကြီးပမ်းဆောင်ရွက်သွားမယ်လို့ ဂျက်မားက ကြေညာခဲ့ပါတယ်။ ' အလီဘာဘာဆိုတဲ့ နာမည်ကို ကျွန်တော်တို့ရွေးချယ်ခဲ့တာ မဟုတ်ပါ-ဘူး။ လူတွေနားမလည်တဲ့ ခပ်ကြောင်ကြောင်တရုတ်နာမည်ကိုရွေးချယ်ခဲ့ကြတာပါ။ ဒီကုမ္ပဏီကို ကမ္ဘာတစ်ဝန်းလုံးနဲ့သက်ဆိုင်တဲ့ကုမ္ပဏီဖြစ်ရမယ်ဆိုပြီး အလီဘာဘာလို့ ခေါ်တွင်ခဲ့ကြတာပါ'လို့ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၁၁ရက်နေ့က ရုရှားနိုင်ငံ၊ ဗလာဒီဗိုးစတော့ခ်မှာကျင်းပခဲ့တဲ့ အရှေ့ဖျားစီးပွားရေးဖိုရမ်မှာ ဂျက်မားက ပြောဆိုခဲ့ပါတယ်။

အမေရိကန်-တရုတ်ကုန်သွယ်ရေးစစ်ပွဲအရှိန်မြင့်လာတဲ့အခါ ကုန်သွယ်ရေးလုပ်ငန်းတွေကို လက်လွှတ်ကြမှာထက် လက်ရှိကုန်သွယ်ရေးစနစ်ကို ပြုပြင်မွမ်းမံကြရမယ်လို့ ဂျက်မားက အကြံပြုတင်ပြခဲ့ပါတယ်။ 'ဥပဒေစည်းမျဉ်း အသစ်တွေကို ဖန်တီးမယ့်အစား ရှိပြီးသား စည်းမျဉ်းတွေကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ အားလုံးခြုံကြည့်ရင် ကုန်သွယ်ရေးစနစ်နဲ့ စည်းမျဉ်းဥပဒေတွေဟာ လူထုတွေ့နိုင်ငံတွေအတွက်ပိုပြီးအကျိုးရှိတာမျိုးဖြစ်သင့်တယ်။ကမ္ဘာပေါ်ကနိုင်ငံတွေ အားလုံး အကျိုးဖြစ်ထွန်းအောင် သတ်မှတ်ပြဋ္ဌာန်းသင့်တယ်'။

ကုန်သွယ်ရေးလုပ်ငန်းဟာ လက်နက်တစ်ခု မဖြစ်သင့်ဘဲ စစ်ပွဲတွေဆင်နွှဲရာမှာ လုံးဝအသုံးမပြုသင့်ဘူးလို့ ဂျက်မားက အခိုင်အမာပြောဆိုခဲ့ပါတယ်။ ဆန့်ကျင်ဘက်အနေနဲ့ တစ်ကမ္ဘာလုံးငြိမ်းချမ်းရေးကို အထောက်အကူပြုဖို့သာ ကုန်သွယ်ရေးကို အသုံးပြုသင့်တယ်လို့ ဆိုပါတယ်။ ' ကျွန်တော်တို့ စစ်ပွဲတွေ မလိုအပ်ပါဘူး။ စစ်ပွဲတစ်ခုဆင်နွှဲမယ်ဆိုရင်တောင် ဆင်းရဲနွမ်းပါးမှု၊ ရောဂါဘယနဲ့ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုတွေကို တိုက်ရိုက်တိုက်ဖျက်မယ့် စစ်ပွဲမျိုးသာ ဖြစ်သင့်ပါတယ်'။

mgyoe.com

mgyoe.com SAMPLE BOOK

## ၂.၁။ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်ဟာ ပြဿနာမဟုတ်။

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလအတွင်းက ဂျီနီဗာမှာကျင်းပတဲ့ ဒဗလျူတီအို လူထုဖိုရမ်မှာ ဂလိုဘယ်လိုက်ဇေး ရှင်းနဲ့ပတ်သက်လို့ ထိုးထွင်းဝေဖန်သုံးသပ်ထားတဲ့ မိန့်ခွန်းတစ်ရပ်ကို ဂျက်မားက ပြောကြားခဲ့ပါတယ်။ နောက်လာမယ့် ဆယ်စုနှစ် သုံးလေးခုကာလအတွင်းဖြစ်လာမယ့်အခြေအနေတွေကို ဆွေးနွေးတင်ပြခဲ့တာဖြစ်ပြီး အင်တာနက်ဟာ ကဏ္ဍအားလုံးကို လွှမ်းခြုံသွားလိမ့်မယ်လို့ဆိုပါတယ်။ အီးကုန်သွယ်ရေးစနစ်ဟာ အစောပိုင်းဖွံ့ဖြိုးခဲ့တဲ့ကဏ္ဍတစ်ရပ်သာဖြစ်ပြီး ကုန်သွယ်ရေးဟာပြုပြင်ပြောင်းလဲမှုအကြီးအကျယ်ဆောင်ရွက်တာ ခံရလိမ့်မယ်လို့ ဆိုပါတယ်။ အရင်အတိတ် ကာလက ကုန်စည်ပြပွဲတွေလုပ်ဆောင်ခဲ့ပေမယ့် အနာဂတ်မှာတော့ ကုန်သွယ်ရေး လုပ်ငန်းရဲ့ ၉၉ ရာခိုင်နှုန်းကိုအွန်လိုင်းကနေပဲလုပ်ဆောင်ကြတော့မှာဖြစ်တယ်။ အတိတ်ကာလတုန်းကတော့ ကုန်သေတ္တာကြီးတွေနဲ့ ရောင်းဝယ်ဖောက်ကားကြတာဖြစ်တယ်။ အနာဂတ်မှာတော့ ပါဆယ်ထုပ်သေးသေးလေးတွေနဲ့သာ ရောင်းဝယ်ဖောက်ကားကြတော့မယ်။

အရင်တုန်းက ကုန်သွယ်ရေးစည်းမျဉ်းစည်းကမ်းတွေကို ကုမ္ပဏီကြီးတွေရဲ့ ထိပ်တန်း ၂၀ ရာခိုင်နှုန်းကသာ ချမှတ်ကြတာလို့ ဂျက်မားကထောက်ပြပါတယ်။ ကမ္ဘာကြီးရဲ့ ကြွယ်ဝချမ်းသာမှုအပေါ် ဒီကုမ္ပဏီကြီးတွေကသာ ဩဇာညောင်းကြတာဖြစ်ပြီး ကုန်သေတ္တာကြီးတွေနဲ့သာ ရောင်းဝယ်ဖောက်ကားခဲ့ကြတာလို့ ဆိုပါတယ်။ ဒါပေမဲ့အနာဂတ်မှာတော့ စီးပွားရေးလုပ်ငန်းငယ်တွေနဲ့ စားသုံးသူသန်းပေါင်းများစွာက စီးပွားရေးကြီးထွားရင့်သန်အောင် မောင်းနှင်ကြပါလိမ့်မယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေ၊ စီးပွားရေးလုပ်ငန်းငယ်တွေ၊ လူငယ်လူရွယ်တွေနဲ့ အမျိုးသမီးတွေရဲ့ ၈၀ရာခိုင်နှုန်းကို အကျိုးဖြစ်ထွန်းစေမည့် ကုန်သွယ်ရေးစည်းမျဉ်းစည်းကမ်းအသစ်တွေနဲ့ မောင်းနှင်ကြမှာဖြစ်ပါတယ်။ သူတို့တစ်တွေအောင်မြင်ရင် ကမ္ဘာကြီး အောင်မြင်တာပါပဲ။

'ဂလိုဘယ်လိုက်ဇေးရှင်းကြောင့် ဒီကနေ့ရင်ဆိုင်နေရတဲ့ ပြဿနာဟာ သူ့ကြောင့်ချည်းသက်သက်မဟုတ်ပါဘူး။ ဂလိုဘယ်လိုက်ဇေးရှင်းဟာ ရင့်ကျက်မှုမရှိသေးဘဲ နောက်ထပ်ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ဖို့ လိုအပ်နေသေးတာကြောင့်ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့မှာတာဝန်ရှိနေတာက ဂလိုဘယ်လိုက်ဇေးရှင်းကို ပြောင်းပြန်လှန်ပစ်ဖို့ မဟုတ်ပါဘူး။ တိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်ကြဖို့ပါ'လို့ ဂျက်မားက အလေးထားပြောကြားခဲ့ပါတယ်။



mgyoe.com

mgyoe.com
SAMPLE BOOK

## ၂.၂။ ဂလိုဘယ်လိုက်ဇေးရှင်းကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း

ဂလိုဘယ်လိုက်ဇေးရှင်းကိုအဆင့်မြင့်တင်ဖို့အတွက် အကြံပြုချက် သုံးချက်ကိုဂျက်မားက တင်ပြခဲ့ပါတယ်။

**ပထမဆုံးကတော့ ပြုပြင်ပြောင်းလဲခြင်းဖြစ်ပါတယ်။**
အနာဂတ်ကာလမှာ အီး-ကုန်သွယ်မှုစနစ်ဟာ စီးပွားရေးလုပ်ငန်းရဲ့ စဝရာခိုင်နှုန်းမှာ ပါဝင်လာပါလိမ့်မယ်။ အီး-ကုန်သွယ်မှုလုပ်ဆောင်တဲ့ ကုမ္ပဏီတွေပါဝင်လာမှာကို ပြောတာမဟုတ်ပါဘူး။ စီးပွားရေးစံပုံစံတွေအနေနဲ့ ပါဝင်လာမှာကို ဆိုလိုတာဖြစ်ပါတယ်။ အီး - ကုန်သွယ်မှုဟာ တစ်ကမ္ဘာလုံးကို အကျိုးဖြစ်ထွန်းစေရမှာဖြစ်ပါတယ်။ ဥပဒေလုပ်ထုံး လုပ်နည်းတွေကလည်း စီးပွားရေးကိုဗဟိုပြုပြီး အနာဂတ်ကိုရှေးရှုရမှာဖြစ်ပါတယ်။

ကံမကောင်းအကြောင်းမလှစွာဘဲ ကုန်သွယ်ရေးဥပဒေတွေဟာ အများသဘောဆန္ဒဆီဆိုက်ရောက်သွားရင်တော့ နိုင်ငံပေါင်း တစ်ရာကျော်က ကုန်သွယ်ရေးဝန်ကြီးတွေ အခက်တွေ့စရာရှိပါတယ်။ ကိုယ့်အကျိုးစီးပွားအတွက် လုပ်ဆောင် ပေးမယ့် အီး - ကုန်သွယ်ရေးဥပဒေတွေကို စတင်ကျင့်သုံးလိုက်တာနဲ့တစ်ပြိုင်နက် နိုင်ငံပေါင်းတစ်ရာကျော်တို့က ကိုယ့်လက်ကိုယ့်ခြေဖြစ်အောင် စတင်လုပ်ဆောင်နေကြပါပြီ။ ဒီနိုင်ငံတွေက အနိမ့်ဆုံးအခွန်ကင်းလွတ်ခွင့်ကို ရုပ်သိမ်းလိုကြတယ်။ အချက်အလက်စီးဆင်းမှုတွေကို ကန့်သတ်လိုကြတယ်။ အီး - ကုန်သွယ်ရေးပလက်ဖောင်းတွေမှာ လွန်လွန်ကဲကဲ တာဝန်ပေးထားတာတွေကိုလက်ခံလာအောင်တွန်းအားပေးလိုကြတယ်။ ရလဒ်အနေနဲ့ကတော့ အီး - ကုန်သွယ်မှုဟာ စိန်ခေါ်မှုကြီးကြီးမားမားတွေနဲ့ ရင်ဆိုင်နေရပါတယ်။

'ဒဗလျူတီအိုအနေနဲ့ ပိုပြီးအရေးယူဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ဒဗလျူ-တီအိုရဲ့ ဗားရှင်း ၂. ဝ အနေနဲ့ မလိုအပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေလျှော့ချဖို့လိုအပ်ပါတယ်။ အီး - ကုန်သွယ်မှုစနစ်ကို ပိုပြီးကျစ်လျစ်ပြည့်စုံအောင်၊ ပိုပြီးအဆင်ပြေ ချောမွေ့အောင်ဖန်တီးပေးဖို့ လိုအပ်ပါတယ်။ စီးပွားရေးလုပ်ငန်းငယ်လေးတွေ၊ လူငယ်လူရွယ်တွေနဲ့ နိုင်ငံတွေအားလုံးအတွက် ပိုပြီးထက်မြက်သွက်လက်တဲ့ စည်းမျဉ်းစည်းကမ်းတွေ လိုချင်ပါတယ်။ ထိန်းသိမ်းဖို့ အာဏာအပ်နှင်းထားတဲ့ စည်းမျဉ်းစည်းကမ်းတွေ သိပ်များနေရင် စာအုပ်ထူထူကြီးတစ်အုပ်ထဲမှာ သိမ်းဆည်းသိုမှီးထားဖို့ပဲ ကောင်းပါတယ်။ ဒီစည်းမျဉ်းစည်းကမ်းတွေနဲ့ ရောင်းဝယ်ဖောက်ကားဖို့ မဖြစ်နိုင်ပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

'အီလက်ထရွန်းနစ် ကမ္ဘာ့ကုန်သွယ်ရေးပလက်ဖောင်း (အီးဒဗလျူတီပီ) ရဲ့ အနာဂတ်စည်းမျဉ်းစည်းကမ်းတွေကို ကျွန်တော်တို့ မျှော်လင့်ပါတယ်။ ဒါဟာ အီး - ကုန်သွယ်မှုစနစ်အတွင်း အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းတွေအတွက် ကုန်သွယ်ရေးအဟန့်အတားတွေကိုဖယ်ရှားဖို့ နိုင်ငံတကာသဘောတူညီချက်တစ်ရပ်လည်းဖြစ်ပါတယ်။ ဒါကို စာမျက်နှာ သုံးမျက်နှာလောက်နဲ့ အကျဉ်းချုံးတင်ပြထားတာရှိပါတယ်။ အီးဒဗလျူတီပီ ကို အဆင့်မြင့်စေချင်တဲ့ အကြောင်းရင်းကတော့ လွတ်လပ်စွာကုန်သွယ်ရောင်းဝယ်မှုနဲ့ ဂလိုဘယ်လိုက်ဇေးရှင်းကို ယုံကြည်လို့ပါပဲ' လို့ ဂျက်မားက ပြောကြားခဲ့ပါတယ်။

ဒုတိယကတော့ တစ်ကမ္ဘာလုံးနဲ့သက်ဆိုင်တဲ့ အကျိုးစီးပွားဖြစ်ပါတယ်။

ကုန်သွယ်ရေးကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒဟာတစ်ကမ္ဘာလုံးနဲ့သက်ဆိုင်တဲ့အကျိုးစီးပွားဖြစ်ထွန်းမှုမရှိဘူးလို့ဂျက်မားက ယူဆပါတယ်။ ကုန်သွယ်ရေးကို အကာအကွယ်ပေးဖို့အတွက် ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒကို ရှောင်ရှားဖို့လိုအပ်တယ်လို့ ဆိုပါတယ်။

တစ်ကမ္ဘာလုံးနဲ့သက်ဆိုင်တဲ့ အကျိုးစီးပွားဖြစ်ထွန်းမှုဆိုရာမှာ အားလုံးသော ဖွံ့ဖြိုးဆဲနိုင်ငံတွေ၊ လူငယ်လူရွယ်တွေနဲ့ အမျိုးသမီးတွေအတွက် ကုန်သွယ်ရေးကဏ္ဍမှာ ပါဝင်နိုင်မှုအခွင့်အလမ်းကို ဆိုလိုတာဖြစ်ပါတယ်။ ဒါမှလည်း သူတို့အနေနဲ့ ရောင်းချနိုင်မယ်၊ ဝယ်ယူနိုင်မယ်၊ နေရာမရွေး အချိန်မရွေး ပေးချေနိုင်မယ်၊ ကုန်စည်တွေကို ရယူနိုင်မယ်။ အီးဒဗလျူတီပီမှာပါရှိတဲ့ 'တီ'ဟာ ကုန်သွယ်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ လေ့ကျင့်သင်ကြားရေးနဲ့ နည်းပညာကို ဆိုလိုတာဖြစ်ပါတယ်။ ဂလိုဘယ်လိုက်ဇေးရှင်းရဲ့သဘောက လူတိုင်းလူတိုင်း ကုန်သွယ်ရောင်းဝယ်လိုတဲ့ ဈေးကွက်၊ ငွေကြေး၊ ဘဏ္ဍာရေးစတဲ့နယ်ပယ်အသီးသီးကို ဝင်ရောက်နိုင်ခွင့်ပေးထားတာဖြစ်ပါတယ်။

တတိယအချက်ကတော့ ပူးပေါင်းဆောင်ရွက်ရေးဖြစ်ပါတယ်။

နည်းပညာတော်လှန်ရေးဟာ မရပ်မနားတစ်ဟုန်ထိုးသွားနေတာဖြစ်တဲ့အတွက် စည်းမျဉ်းစည်းကမ်းတွေအား လုံးဟာ အမြော်အမြင်ရှိရှိ တိုးတက်တဲ့စည်းမျဉ်းစည်းကမ်းတွေဖြစ်ရမယ်လို့ ဂျက်မားက ဝေဖန်ထောက်ပြထားပါတယ်။ ဂလိုဘယ်လိုက်ဇေးရှင်းအကျိုးရလဒ်တွေကို ဆွတ်ခူးရယူဖို့အတွက် ' စီးပွားရေးလုပ်ငန်းနဲ့ တီထွင်ဆန်းသစ်မှုတွေဟာအရှိန်အဟုန်နဲ့ဖွံ့ဖြိုးနေကြတာကြောင့်'စည်းမျဉ်းစည်းကမ်းတွေ၊တရားဥပဒေတွေဟာ ပြောင်းလွယ်ပြင်လွယ်အနေအထား မျိုးဖြစ်ရပါမယ်။



mgyoe.com

mgyoe.com
SAMPLE BOOK

'အနာဂတ်ကာလ စည်းမျဉ်းစည်းကမ်းတွေကို အစိုးရဌာနဆိုင်ရာတွေကချည်း ချုပ်ကိုင်ထားတာမျိုး မဖြစ်သင့်တော့ဘူးလို့ ကျွန်တော်ယူဆပါတယ်။ စည်းမျဉ်းစည်းကမ်းတွေကို အစိုးရ၊ ပုဂ္ဂလိကပိုင်းနဲ့ အခန်းကဏ္ဍအသီးသီးမှာ ပါဝင်သူတွေအားလုံး ပူးပေါင်းဖန်တီးသင့်ပါတယ်'။

ဂျက်မားရဲ့ ဟောပြောချက်ထဲမှာ ကုန်သွယ်ရေးနဲ့ ဂလိုဘယ်လိုက်ဇေးရှင်းကို အကာအကွယ်ပေးဖို့ တစ်ကမ္ဘာလုံးနဲ့ သက်ဆိုင်တဲ့အကျိုးရလဒ်တွေ အားလုံးဆီသက်ရောက်စေဖို့အတွက် အီး-ကုန်သွယ်ရေးစနစ်ကိုထိန်းချုပ်ကွပ်ကဲမယ့် စည်းမျဉ်းစည်းကမ်းတွေ၊ ဥပဒေတွေကို အသေအချာသတ်မှတ်ပြဋ္ဌာန်းဖို့လိုတယ်လို့ ဂျက်မားက ထပ်လောင်းပြောဆိုခဲ့ပါသေးတယ်။

'အနာဂတ်ကာလ စည်းမျဉ်းစည်းကမ်းတွေကို အစိုးရဌာနဆိုင်ရာတွေကချည်း
ချုပ်ကိုင်ထားတာမျိုး မဖြစ်သင့်တော့ဘူးလို့ ကျွန်တော်ယူဆပါတယ်။
စည်းမျဉ်းစည်းကမ်းတွေကို အစိုးရ၊ ပုဂ္ဂလိကပိုင်းနဲ့ အခန်းကဏ္ဍအသီးသီးမှာ
ပါဝင်သူတွေအားလုံး ပူးပေါင်းဖန်တီးသင့်ပါတယ်'။

## ၂.၃။ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်မှာ ပါဝင်လာအောင် ဖန်တီးရေး

၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့မှာ ဒစ်ဂျစ်တယ်နည်းပညာပိုင်းဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အဆင့်မြင့်အဖွဲ့က ပထမဆုံးအစီရင်ခံစာကို ထုတ်ပြန်ခဲ့ပါတယ်။ ' တစ်ဦးနှင့်တစ်ဦး ဒစ်ဂျစ်တယ်နည်းပညာပိုင်းဆိုင်ရာ အမှီသဟဲပြုရေးခေတ်' ဆိုတဲ့ အစီရင်ခံစာဖြစ်ပါတယ်။ အဖွဲ့လိုက်ပြောဆိုဆွေးနွေးမှု တွေကို တိုက်ရိုက်ထုတ်လွှင့်ပြသနေစဉ်အတွင်းမှာပဲ အစီရင်ခံစာကိုလည်း တစ်ပြိုင်တည်းထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ဝေဖန်သုံးသပ်ရာမှာ 'လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ဆယ်ကာလတုန်း ကတော့ ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ပတ်သက်လို့ ကျွန်တော်တို့ဟာ ပြောတိုင်းယုံကြသူတွေပါပဲ။ ဂလိုဘယ်လိုက်ဇေးရှင်း ဖြစ်စဉ်ကနေ ဓနဉစ္စာဖြစ်ထွန်းမှာမဟုတ်ဘူးလို့လည်း ယူဆခဲ့ကြတယ်။ ချမ်းသာတဲ့အလွှာကနေ နွမ်းပါးတဲ့အလွှာဆီကို ငွေကြေးဥစ္စာတွေပျံ့နှံ့ရောက်ရှိသွားပြီး လူတိုင်းအကျိုးဖြစ်ထွန်းစေမယ်လို့လည်း ယူဆခဲ့ကြတယ်။ ဒါပေမဲ့ ဒါတွေဟာ မမှန်ပါဘူး'။


mgyoe.com

mgyoe.com SAMPLE BOOK

'မမျှမတဖြစ်မှုတွေက ကြီးထွားလာပါပြီ' လို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ညည်းညည်းညူညူ ပြောဆိုခဲ့ပါတယ်။ 'ဂလိုဘယ်လိုက်ဇေးရှင်းဟာ အားလုံးအတွက် ဖြစ်ဖို့လိုအပ်နေပါပြီ။ လူထုကိုနောက်မှာ ချန်ရစ်မထားကြဖို့လိုအပ်နေပါပြီ။ ဒီလိုမှမဟုတ်ရင်တော့ ပဋိပက္ခတွေ၊ မယုံမကြည်ဖြစ်မှုတွေဟာ ဧကန်မုချကြီးထွားလာပါလိမ့်မယ်'။

ဆွေးနွေးပွဲမှာ အလုပ်အကိုင်တွေဖန်တီးပေးရေး၊ လုံခြုံရေးနဲ့ အနှောင့်အယှက်ကင်းကင်းသီးသန့်ရပ်တည်နိုင်မှုတွေဟာ အစိုးရအုပ်ချုပ်ရေးပိုင်းသက်သက်နဲ့သာ သက်ဆိုင်တာမဟုတ်ဘဲ ပုဂ္ဂလိကအခန်းကဏ္ဍနဲ့လည်း သက်ဆိုင် ကြောင်း ဂျက်မားက ဖြည့်စွက်ဆွေးနွေးခဲ့ပါတယ်။ 'အလုပ်အကိုင်တွေ၊ ပူးပေါင်းဆောင်ရွက်ရေး၊ လုံခြုံရေးနဲ့ အနှောင့် အယှက်ကင်းကင်း သီးသန့်ရပ်တည်မှုတွေကိုသာ စဉ်းစားမယ်ဆိုရင် ဒီရာစုနှစ်အတွင်းမှာတော့ ခင်ဗျားကုမ္ပဏီကို ထိန်းထားကောင်းထိန်းထားနိုင်လိမ့်မယ်' လို့ ဂျက်မားက ပြောဆိုခဲ့ပါတယ်။ 'ဒါမှမဟုတ်ရင်လည်း ခင်ဗျား ရှာပြင်ရောက် သွားမှာပဲ'။

ဆွစ်ဇာလန်နိုင်ငံ၊ ဒါဗို့စ်မှာ ၂၀၁၇ ခုနှစ်အတွင်းကကျင်းပခဲ့တဲ့ ကမ္ဘာ့စီးပွားရေးဖိုရမ် နှစ်ပတ်လည်အစည်းအဝေးကို ကျင်းပခဲ့ပါတယ်။ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်မှာပါဝင်အောင်ဖန်တီးရေးစိတ်ကူးစိတ်သန်းကို ဂျက်မားက အဲဒီအစည်းအဝေးမှာ ဖော်ထုတ်တင်ပြခဲ့ပါတယ်။

'ဂလိုဘယ်လိုက်ဇေးရှင်းဟာ ကြီးကျယ်တဲ့ကိစ္စတစ်ခုလို့ ပြောရပါလိမ့်မယ်။ ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ ပတ်သက်လို့ ဘယ်လိုလုပ်ကိုင်ဆောင်ရွက်သလဲဆိုတာကို အမေရိကန်ပြည်ထောင်စုနဲ့ ဖွံ့ဖြိုးပြီးနိုင်ငံတွေက သင်ကြားပြသပေးခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်အမှတ်ရနေမိတာကတော့ ဒဗလျူတီအိုကိုတရုတ်နိုင်ငံမဝင်ခင် ၂၀၀၂ခုနှစ်မှာဖြစ်ပါတယ်။ ကျွန်တော်အပါအဝင် လူတိုင်းလိုလိုက တရုတ်နိုင်ငံကို စိုးရိမ်ပူပန်နေခဲ့ကြပါတယ်။ နိုင်ငံတကာထုတ်ကုန်တွေအားလုံး တရုတ်နိုင်ငံကိုရောက်လာခဲ့ရင် ကျွန်တော်တို့ရဲ့ကုန်ထုတ်လုပ်ငန်းတွေပျက်စီးပြီး အလုပ်အကိုင်ဆုံးရှုံးမှုတွေဖြစ်လာ မလားလို့ စိုးရိမ်ကြတာပါပဲ'။

'ဂလိုဘယ်လိုက်ဇေးရှင်းဟာ ကောင်းတယ်ဆိုပေတဲ့ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့ လိုအပ်နေသေးတယ်လို့ ယူဆပါတယ်။ ပါဝင်ဆောင်ရွက်သင့်တယ်လို့လည်း ယူဆပါတယ်' လို့ ဂျက်မားက ဆက်လက်ပြောကြားခဲ့ပါတယ်။

ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်မှာ ပါဝင်ဆောင်ရွက်သင့်ကြောင်းကို နောက်နှစ်နှစ်အကြာ ၂၀၁၉ မှာ ကျင်းပတဲ့ ကမ္ဘာ့စီးပွားရေးဖိုရမ်နှစ်ပတ်လည်အစည်းအဝေးမှာ

mgyoe.com

mgyoe.com
SAMPLE BOOK

ဂျက်မားက ထပ်လောင်းပြောဆိုခဲ့ပြန်ပါတယ်။ 'ဒီကနေ့ခေတ်ကာလကြီးမှာ ဂလိုဘယ်လိုက်ဇေးရှင်းကို လူအတော်များများက သဘောမတွေ့ကြပါဘူး။ ဒါပေမဲ့ကျွန်တော်တို့ကတော့ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်ကို ယုံကြည်ပါတယ်။ ပြီးခဲ့တဲ့ နှစ်ပေါင်း ၃၀၊ ၄၀အတွင်းမှာ ဂလိုဘယ်လိုက်ဇေးရှင်းဟာ နိုင်ငံအတော်များများကြီးထွားလာအောင် အထောက်အကူပြုခဲ့ပါတယ်။ အထူးသဖြင့် တရုတ်နိုင်ငံကို အထောက်အကူပြုခဲ့ပါတယ်။ ဒါပေမဲ့ ပါဝင်ဆောင်ရွက်ခွင့်မရကြတာကြောင့် လူအတော်များများကတော့ သဘောမတွေ့ကြပါဘူး။ ဂလိုဘယ်လိုက်ဇေးရှင်းက ကောင်းပေမယ့် ဖွံ့ဖြိုးတိုးတက်အောင် ကျွန်တော်တို့ ဘယ်လိုလုပ်ဆောင်နိုင်သလဲ။ ဖွံ့ဖြိုးဆဲနိုင်ငံတွေ ပိုမိုပါဝင်လာဖို့ ကျွန်တော်တို့ဘယ်လိုဆောင်ရွက်နိုင်မှာလဲ။ စီးပွားရေးလုပ်ငန်းငယ်လေးတွေနဲ့ လူငယ်လူရွယ်တွေပါဝင် လာအောင် ဘယ်လိုအကူအညီပေးနိုင်မလဲ။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ ကာလအတွင်းမှာ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်က ကုမ္ပဏီကြီးပေါင်းခြောက်သောင်းကို ထိန်းချုပ်နိုင်ခဲ့တယ်။ တကယ်လို့ ကမ္ဘာတစ်ဝန်းမှာရောင်းကြဝယ်ကြဖို့အတွက် စီးပွားရေးလုပ်ငန်းငယ်ပေါင်း သန်းခြောက်ဆယ်နဲ့ လူငယ်လူရွယ်တွေကို အထောက်အကူပြုနိုင်တယ်ဆိုရင်ရော။ ကမ္ဘာ့ကုန်သွယ်ရေးအနေနဲ့လည်း ဒီအချက်ကို စောင့်ကြည့်သင့်တယ်လို့ ယူဆပါတယ်'။

စားပွဲဝိုင်းဆွေးနွေးပွဲအသွင်ပြောင်းလာမယ့် ဂလိုဘယ်လိုက်ဇေးရှင်း ပုံစံအသစ်ကို ကမ္ဘာကြီးကမျှော်လင့်နေပြီလို့ ဂျက်မားက ယူဆပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၆၀ကာလအတွင်းမှာ စီးပွားရေးလုပ်ငန်းဘယ်လိုဆောင်ရွက်မယ်ဆိုတာကို အစိုးရတွေက ဆုံးဖြတ်ချက်ချကြပါတယ်။ စီးပွားရေးလုပ်ငန်းတွေက သဟဇာတဖြစ်အောင် လိုက်လုပ်ကြတယ်။ နောက်လာမယ့် နှစ်ပေါင်း ၃၀ကာလမှာတော့ တစ်နည်းတစ်ဖုံ ပြောင်းလဲသွားပါလိမ့်မယ်။ စီးပွားရေးလုပ်ငန်းတွေက ဆုံးဖြတ်ချက်တွေချမှတ်ပြီး အစိုးရတွေက အထောက်အကူပေးကြရမှာဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

## ၂.၄။ ဂလိုဘယ်လိုက်ဇေးရှင်းကို ဦးစားပေးသတ်မှတ်ခြင်း

မယုံကြည်နိုင်လောက်တဲ့ အခွင့်အလမ်းတွေကို ဂလိုဘယ်လိုက်ဇေးရှင်းက ပေးထားပါတယ်။ အခြားတစ်ဖက်မှာ တော့ ဘေးချိတ်ခံထားရတာတွေ၊ ရုန်းမထွက်နိုင်တဲ့ ဆင်းရဲမွဲတေမှုတွေ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုတွေက အန္တရာယ်တွေကို ဖန်တီးပေးနေပါတယ်။ အဆိုးရွားဆုံး ခံစားကြရသူတွေကတော့ ဒေသခံဌာနေတိုင်းရင်းသားတွေ၊ ဖွံ့ဖြိုးဆဲနိုင်ငံတွေက အမျိုးသမီးတွေ၊ ကျေးလက်တောနယ်က ဆင်းရဲသားငနင်းပြားတွေ၊ အာဖရိကန်တွေနဲ့ သူတို့တစ်တွေရဲ့ ရင်သွေးကလေးငယ်တွေပါပဲ။

ဒါပေမဲ့ ဂလိုဘယ်လိုက်ဇေးရှင်းကို ပါဝင်ဆောင်ရွက်ဖို့ ဖန်တီးထားတာဖြစ်ပါတယ်။နိုင်ငံငယ်လေးတွေနဲ့ စီးပွားရေး လုပ်ငန်းငယ်လေးတွေရဲ့ နည်းပညာပိုင်းဆိုင်ရာ လုပ်ပိုင်ခွင့်ကြောင့် တန်းတူညီမျှအခွင့်အရေးမရတာတွေကို ဂလိုဘယ်လိုက်ဇေးရှင်းက လျှော့ချပေးပါလိမ့်မယ်။

'လာမယ့် နှစ်ပေါင်း ၃၀ ကနေ ၄၀ အတွင်းမှာ နိုင်ငံတွေ၊ စီးပွားရေးလုပ်ငန်းတွေနဲ့ လူထုရဲ့ စဝရာခိုင်နှုန်းဟာ ဂလိုဘယ်လိုက်ဇေးရှင်းကနေ လုပ်ကိုင်ဆောင်ရွက်ပိုင်ခွင့်တွေရလာပါလိမ့်မယ်။ ဂလိုဘယ်လိုက်ဇေးရှင်းကနေတော့ အကျိုးအမြတ်တွေချည်းရလာတာမျိုး မဟုတ်ပါဘူး။ ဒါကလည်း အင်တာနက်နဲ့နည်းပညာရဲ့အစွမ်းကြောင့်ပါ' လို့ တရုတ် နိုင်ငံ၊ ကွမ်တုန်ခရိုင်ရဲ့ မြို့တော် ကွမ်ကျိုဝ္မမှာကျင်းပခဲ့တဲ့ ၂၀၁၇ ခုနှစ် ဖော်ကျွန်း ဂလိုဘယ်ဖိုရမ်မှာ ဂျက်မားကပြောကြားခဲ့ပါ တယ်။

ပိုပြီးထိရောက်မှုတွေရရှိစေဖို့အတွက် စီးပွားရေးလုပ်ငန်းငယ်လေးတွေကို အတွေ့အကြုံဗဟုသုတနဲ့ ကျွမ်းကျင်မှုတွေဖြန့်ဝေပေးကြဖို့ကိုလည်း ဂျက်မားက တိုက်တွန်းခဲ့ပါတယ်။ ဒါဟာလည်း ပူးပေါင်းဆောင်ရွက်မှု ကြီးထွားလာစေရေးအတွက် အရေးပါအရာရောက်တဲ့ လုပ်ဆောင်မှုဖြစ်ပါတယ်။

၂၀၁၈ ခုနှစ်အတွင်းက အစုရှယ်ယာရှင်တွေဆီ ပေးပို့တဲ့ပေးစာမှာ ဂျက်မားက ဂုဏ်ယူဝံ့ကြွားစွာနဲ့ ထုတ်ဖော်ပြောဆိုခဲ့တာ ရှိပါတယ်။ 'ကမ္ဘာ့ကုန်သွယ်ရေးအတွက် ဒီကနေ့ကျင့်သုံးနေတဲ့ သမားရိုးကျ စီးပွားရေးစံပုံစံနဲ့ ထိန်းကျောင်းထားတဲ့ကန့်သတ်ဘောင်တွေဟာ ဇရာမစိန်ခေါ်မှုကြီးတွေနဲ့ ရင်ဆိုင်နေရပါပြီ။ ဒါဟာ ဂလိုဘယ်လိုက်ဇေးရှင်းကို ဦးစားပေးကိစ္စတစ်ရပ်အဖြစ် ဖန်တီးဖို့ ကျွန်တော်တို့အတွက် ပြီးပြည့်စုံကောင်းမွန်တဲ့ အခွင့်အလမ်းတစ်ခုဖြစ်ပါတယ်။ ကုန်သွယ်ရေးစနစ်တစ်ခု



mgyoe.com

mgyoe.com
SAMPLE BOOK

ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် လွန်ခဲ့တဲ့ သုံးနှစ်တာပတ်လုံး ကျွန်တော်တို့ အချိန်ကုန်ခဲ့ကြတယ်။ ဒီကုန်သွယ်ရေးစနစ်က ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ လုပ်ငန်းငယ်တွေ၊ အလယ်အလတ်စားလုပ်ငန်းတွေနဲ့ စားသုံးသူတွေ အတွက် အလုပ်လုပ်ပေးနေပါပြီ။

'ကျွန်တော်တို့ ရည်မှန်းချက်ပန်းတိုင်တွေဖြစ်တဲ့ 'ကမ္ဘာ့အနှံ့ ဝယ်ယူရေး'၊ 'ကမ္ဘာအနှံ့ ရောင်းချရေး'၊ 'ကမ္ဘာအနှံ့ ငွေပေးချေရေး'နဲ့ 'ကမ္ဘာအနှံ့ ခရီးသွားလာရေး' ဆိုတာတွေကို ပြီးမြောက်အောင်မြင်စေရေးအတွက် ရှေးရှုပြီး ခရီးပေါက်အောင် ဆောင်ရွက်ခဲ့ပါတယ်။ အငယ်စားနဲ့အလတ်စားလုပ်ငန်းတွေ၊ လူငယ်လူရွယ်တွေနဲ့ အမျိုးသမီးတွေအနေနဲ့ ကမ္ဘာ့ကုန်သွယ်ရေးစနစ်မှာ တန်းတူညီမျှပါဝင်ခွင့်ရရှိရေး အတွက် 'တီ လေးလုံး'မှာပါဝင်စေခြင်းနဲ့ အဆင့်မြှင့်တင်ပေးလျက် ရှိပါတယ်။ ကုန်သွယ်ရေး၊ ကမ္ဘာလှည့်ခရီးသွားလာရေး၊ လေ့ကျင့်သင်ကြားပေးရေးနဲ့ နည်းပညာ ကဏ္ဍတွေမှာဖြစ်ပါတယ်။ အလီဘာဘာရဲ့ နည်းပညာ၊ အတွေ့အကြုံနဲ့ ရင်းမြစ်တွေကို ထိထိရောက်ရောက် အသုံးချခွင့်ရခဲ့တဲ့အတွက်လည်း ကျွန်တော်စိတ်လှုပ်ရှားမိပါတယ်။ အနာဂတ်အတွက် အားလုံးပါဝင်တဲ့ ကမ္ဘာ့စီးပွားရေးစနစ်သစ်တစ်ခုကို အခြေကျအောင် ထူထောင်လျက်ရှိပြီး ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်လျက်ရှိပါတယ်'။

ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှုတွေ ရပ်တန့်ပြီး စစ်ပွဲတွေဖြစ်လာရင်တောင်
ဂလိုဘယ်လိုက်ဇေးရှင်းကို ရပ်တန့်ပစ်လို့ မရနိုင်ဘူး။

## ၂.၅။ ဂလိုဘယ်လိုက်ဇေးရှင်းဟာ အဖြေ

ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှုတွေ ရပ်တန့်ပြီး စစ်ပွဲတွေဖြစ်လာရင်တောင် ဂလိုဘယ်လိုက်ဇေးရှင်းကို ရပ်တန့်ပစ်လို့ မရနိုင်ဘူး။ ဒါနဲ့ပတ်သက်လို့ ဂျက်မားက တိတိပပပြောဆိုခဲ့ပါတယ်။၏

'ပြဿနာတွေကို ဖြေရှင်းဖို့အတွက် ဂလိုဘယ်လိုက်ဇေးရှင်းကို ယုံယုံကြည်ကြည် လက်ခံဖို့လိုပါတယ်။ ဂလိုဘယ် လိုက်ဇေးရှင်းကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးဖို့ ကျွန်တော်တို့မှာတာဝန်ရှိပါတယ်။ ဂလိုဘယ်လိုက်ဇေးရှင်းဟာ ကျွန်တော်တို့ရဲ့ အခွင့်အလမ်းလည်းဖြစ်ပါတယ်' လို့ ဒါဗို့စ်မှာကျင်းပတဲ့ ကမ္ဘာ့စီးပွားရေး

mgyoe.com

mgyoe.com SAMPLE BOOK

ဗိုရမ် ( ဒဗလျူအက်ဖ်အက်ဖ် ) ရဲ့ ၂၀၁၈ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးအတွင်း အထူးဆွေးနွေးပွဲတစ်ခုမှာ ဂျက်မားကပြောဆိုခဲ့ပါတယ်။

'(ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ ကုန်သွယ်ရေး) ကို စိုးရိမ်ပူပန်နေကြတယ် ဆိုဦးတော့ နောက်လာမယ့် နှစ်ပေါင်း ၃၀ ကာလအတွင်းမှာ ကမ္ဘာကြီးဟာ ကြီးကြီးမားမားပြောင်းလဲသွားတော့မှာဖြစ်ပါတယ်။ စစ်ပွဲတစ်ပွဲနဲ့တင်စားရရင် ကိုယ့်ကိုယ်ကိုယ် တိုက်ခိုက်နေရတဲ့ စစ်ပွဲဆိုတာထက် ရောဂါဘယတွေ၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုတွေ၊ ဆင်းရဲမွဲတေ မှုတွေကို တွန်းလှန်တိုက်ခိုက်ရတဲ့တိုက်ပွဲမျိုးဖြစ်ပါလိမ့်မယ်'လို့ ဂျက်မားက အခိုင်အမာပြောဆိုခဲ့ပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ကာလအတွင်းမှာ အသေးစားအလတ်စားလုပ်ငန်းငယ်တွေနဲ့ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်တွေဟာ ကုမ္ပဏီကြီးတွေနဲ့ ဖွံ့ဖြိုးပြီးနိုင်ငံတွေကြောင့် ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ ကမ္ဘာ့ကုန်သွယ်ရေးဖြစ်စဉ်မှာ ပါဝင်ဆောင်ရွက်ခွင့် လက်လွှတ်ဆုံးရှုံးခဲ့ကြရတယ်။ ခုတော့ ဂလိုဘယ်လိုက်ဇေးရှင်း၊ နိုင်ငံတကာကုန်သွယ်ရေးနဲ့ ကမ္ဘာ့အနှံ့ ကုန်သွယ်ရေးတွေမှာ ပိုပြီးပူးပေါင်းဆောင်ရွက်လာနိုင်အောင် ဖန်တီးနိုင်ခဲ့ပါပြီ။ စီးပွားရေးလုပ်ငန်းငယ်တိုင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံ တိုင်း၊ လူငယ်လူရွယ်တိုင်းကို ကမ္ဘာ့စီးပွားရေးမှာ ပါဝင်ဆောင်ရွက်နိုင်တဲ့ အခွင့်အလမ်းတွေ ခွင့်ပြုပေးနေပါပြီ။ ပြဿနာ အတော်များများကို ဖြေရှင်းနိုင်ပါပြီ။

## ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်မှာ ပါဝင်ဆောင်ရွက်ခြင်းမဟာ အကျိုး



mgyoe.com

mgyoe.com SAMPLE BOOK

"ခင်ဗျားရဲ့ [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] မရှိဘူး။"

[illegible]

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၃

## လက်လီရောင်းချမှုအသစ် ကုန်ထုတ်လုပ်မှုအသစ်

ကျွန်တော်တို့ သိထားတဲ့ ကုန်သွယ်မှုဆိုတာဟာ မျက်စိရှေ့မှာတင်ပြောင်းလဲနေပါတယ်။ 'အီး - ကုန်သွယ်မှု စနစ်'ဟာ ' လက်လီအရောင်းစနစ်အသစ်'အဖြစ် အရှိန်အဟုန်နဲ့ပြောင်းလဲနေတယ်။ ဖောက်သည်တစ်ဦးချင်းစီရဲ့ တစ်ကိုယ်ရည်လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ အာရုံထားလုပ်ဆောင်ရင်းနဲ့ပဲ အွန်လိုင်းမဟုတ်တဲ့ ကုန်သွယ်မှုနဲ့ အွန်လိုင်းကုန်သွယ်မှုတို့ကြားက နယ်သတ်မျဉ်းဟာ ပျောက်ကွယ်သွားပါပြီ။

(၂၀၁၇ ခုနှစ်အတွင်းက အစုရှယ်ယာရှင်များထံသို့
ပေးပို့သည့်ပေးစာမှာ ဂျက်မားရဲ့ဖော်ပြချက် )



mgyoe.com

mgyoe.com
SAMPLE BOOK

လက်လီအရောင်းစနစ်အသစ်ကို ပြင်ဆင်ထားကြရအောင်။ လက်လီအရောင်းစနစ်အသစ်ဆိုတာဟာ အွန်လိုင်းကနေဈေးဝယ်တာသက်သက်ချည်း မဟုတ်ပါဘူး။ အလုံးအထည်လိုက်မြင်တွေ့နေရတဲ့ လက်လီအရောင်းစတိုး ဆိုင်တွေ လုံးဝမရှိတော့တဲ့ အနာဂတ်တစ်ခုဖြစ်ပါတယ်။ စတိုးဆိုင်တွေမှာသာ သမားရိုးကျ ကြိတ်ကြိတ်တိုး လက်လီ ရောင်းချတာမျိုး မရှိတော့ပါဘူး။

လက်လီအရောင်းစနစ်အသစ်ကို ဥပမာပေးရရင် ဒီကနေ့ခေတ်စားသုံးသူတွေ အနေနဲ့ စတိုးဆိုင်မှာဈေးဝယ်နေ ဦးတော့ အချိန်မရွေး နေရာမရွေး စမတ်ဖုန်းတွေကို အဆက်အသွယ်လုပ်ခံနေကြရပါပြီ။

ကျွန်တော်တို့ရဲ့ ဘဝနေထိုင်မှုပုံစံ၊ ဦးစားပေးရွေးချယ်မှု၊ သုံးစွဲတဲ့ အမူအကျင့်၊ ဝင်ငွေထွက်ငွေ စသည်ဖြင့် အခြေခံပြီး တတ်နိုင်သမျှအကောင်းဆုံးသော နည်းလမ်းနဲ့ ကျွန်တော်တို့ရဲ့လိုအပ်ချက်တွေကို လက်လီအရောင်းစနစ်အသစ် က ဖြည့်ဆည်းပေးနေပါတယ်။

## ၃.၁။ လက်လီအရောင်းစနစ်အသစ် အရှထ်ဦး

လက်လီအရောင်းစနစ်အသစ်ကို ၂၀၁၆ ခုနှစ်မှာ ဂျက်မားက အဆိုပြုတင်ပြခဲ့ပါတယ်။ နောက်နှစ်ပိုင်းအတွင်းမှာ အလီဘာဘာ ဌာနချုပ်က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ အီး - ကုန်သွယ်ရေးစစ်စစ်ဟာ နောက် ၁၀ နှစ်ကနေ နှစ် ၂၀ အတွင်း ပီပြင်ထင်ရှားလာလိမ့်မယ်လို့ ဂျက်မားကဆိုပါတယ်။ ရောက်နေတဲ့နေရာက နေပြီးတော့ အွန်လိုင်း၊ အော့ဖ်လိုင်းနဲ့ ကုန်စည်ပို့ဆောင်ရေးတွေဟာ 'လက်လီအရောင်းစနစ်အသစ်'ကို ဖန်တီးကြပါလိမ့်မယ်။ အော့ဖ်လိုင်းလုပ်ငန်းတွေဟာ အွန်လိုင်းကို သွားကြရမယ်။ အွန်လိုင်းလုပ်ငန်းတွေကလည်း အော့ဖ်လိုင်းကို သွားကြရမယ်။ အချက်အလက်အကြီးကြီးတွေကိုသုံးစွဲပြီး ခေတ်မီကုန်စည်ပို့ဆောင်ရေးစနစ်နဲ့အတူ ဘက်ပေါင်းစုံကနေ ပေါင်းစပ် လုပ်ဆောင်ကြရပါလိမ့်မယ်။

အခြေခံအားဖြင့်တော့ လက်လီအရောင်းစနစ်အသစ်ရဲ့ အယူအဆက ဒစ်ဂျစ်တယ်နဲ့ ပကတိမြေပြင်အနေအထား တို့ရဲ့ အသေးစိတ်အချက်အလက်ဟောင်းတွေကိုကျော်လွှန်နေတဲ့ လက်လီအရောင်းစနစ်တွေအားလုံးကို လှုပ်လှုပ်ရှားရှား ဖြစ်အောင် လုပ်ဆောင်နေတာပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

အီး - ကုန်သွယ်ရေးနဲ့ မိရိုးဖလာ သမားရိုးကျစတိုးဆိုင် လက်လီအရောင်းတို့လို အသွားအပြန်နှစ်ဖက်သွား လက်လီအရောင်းစနစ်ရဲ့ အကန့်အသတ်ဘောင်အလွန်ကိုတွေးကြည့်ရင် လက်လီအရောင်းစနစ်သစ်ကို ပိုပြီးသဘောပေါက် နိုင်စရာရှိပါတယ်။

စားသုံးသူတွေဈေးဝယ်လိုအောင်လှုံ့ဆော်ပေးတဲ့လည်ပတ်ရေးစနစ်သစ်ကြီးတစ်ခုလုံးကို လက်လီအရောင်းစနစ် အသစ်က အသုံးပြုပါတယ်။ လူကိုယ်တိုင်ဈေးဝယ်ထွက်ခြင်း၊ ဒစ်ဂျစ်တယ်ဈေးဝယ်ထွက်ခြင်းနဲ့ ပကတိမြေပြင်အနေအထား အလိုက်ဈေးဝယ်ထွက်ခြင်း ဒီဇိုင်းပုံစံတွေထဲက အကောင်းဆုံးအချက်တွေကိုပေါင်းစပ်ထားတဲ့ စနစ်ဖြစ်ပါတယ်။ ရုတ်တရက်ဉာဏ်ကွန့်မြူးမှု၊ ရွေးချယ်မှု၊ ချက်ချင်းကျေနပ်အားရမှု၊ ကိုယ်တိုင်ကိုယ်ကျ ထိတွေ့စစ်ဆေးကြည့်မှု၊ သက်သာ လွယ်ကူအဆင်ပြေမှု စတဲ့ ဈေးဝယ်ထွက်ခြင်း အတွေ့အကြုံတွေကိုလည်း လက်လီအရောင်းစနစ်အသစ်က စားသုံးသူကို ပေးပါတယ်။

အောက်မှာဖော်ပြထားတဲ့ အခင်းအကျင်းတွေကို ဆင်ခြင်ကြည့်ပါလေ။

ဈေးဝယ်ခန်းမကျယ်ကြီးထဲကို လမ်းလျှောက်ဝင်သွားပြီး လက်ဗလာနဲ့ပြန်ထွက်လာမယ်၊ အိမ်ရောက်မှ အွန်လိုင်း ကနေတစ်ခုခုဝယ်လိုက်တယ်ဆိုတာမျိုးဖြစ်ဖူးပါသလား။ အားပေးနေကျစတိုးဆိုင်ကို တစ်ခုခုဝယ်ဖို့သွားမယ်၊ ဒါပေမဲ့ကိုယ်လိုချင်တဲ့ အရောင်နဲ့အရွယ်အစားက မရှိဘူး၊ ဒါနဲ့ပဲ အဲဒီပစ္စည်းကို အွန်လိုင်းကနေ ဝယ်လိုက်တယ်ဆိုတာမျိုး ဖြစ်ဖူး သလား။ အွန်လိုင်းကနေ တစ်ခုခုဝယ်လိုက်တယ်၊ ပစ္စည်းရလာပြီ၊ တခြား အရောင်နဲ့အရွယ်အစားကို ပြန်လဲချင်တယ်၊ ဒါပေမဲ့ပစ္စည်းပြန်ရောက်လာဖို့ လုပ်ငန်းစဉ်အရှည်ကြီးကို စောင့်ဆိုင်းရတာ အဆင်မပြေဘူးဆိုတာမျိုး ကြုံဖူးပါသလား။ စတိုးဆိုင်မှာလို ချက်ချင်းလဲပစ်လိုက်ချင်တာကိုး။ စူပါမားကက်မှာဈေးဝယ်တယ်ဆိုကြပါစို့။ ဝယ်ထားတဲ့ ကုန်ခြောက်တွေ၊ လတ်လတ်ဆတ်ဆတ်စားသောက်စရာတွေကို နောက်မှ အိမ်တံခါးဝအရောက်ပို့စေချင်တာမျိုးကြုံဖူးပါသလား။ အိမ်ပြန် မယ့်အစား တစ်နေရာရာသွားလိုက်ချင်သေးတာကိုး။

လက်လီအရောင်းစနစ်အသစ်မှာကျတော့ အထက်မှာဖော်ပြထားတဲ့ အဆင်မပြေမှုမျိုးတွေ မရှိပါဘူး။ အွန်လိုင်းနဲ့ မျက်မြင်ကိုယ်တွေ့ဈေးဝယ်ထွက်ခြင်းတွေကိုအထိရောက်ဆုံး၊ အကောင်းဆုံးဖြစ်အောင် ရောနှောပေါင်းစပ်ထားလို့ပါပဲ။

mgyoe.com

mgyoe.com
SAMPLE BOOK

ကျွန်တော်တို့ဟာ စိတ်ကျေနပ်မှုရစေတဲ့ လိုအပ်ချက်တွေကနေ
ကွန့်မြူးဖန်တီးထားတဲ့ လိုအပ်ချက်တွေဆီ ရွေ့ခဲ့ကြတယ်။
(ဒန်နီယယ် ကျာန်း ၊ အလီဘာဘာအုပ်စု စီအီးအို)

## ၃.၂။ စိတ်ကျေနပ်မှုမှသည် ကွန့်မြူးဖန်တီးထားသည့် လိုအပ်ချက်များဆီသို့

ဒီအခြေအနေကို နားလည်ရခက်နေတုန်းပဲလား။ အလီဘာဘာအုပ်စုရဲ့ စီအီးအို ဒဲန်နီယယ် ကျာန်းက အလင်းပြထားတာရှိပါတယ်။

၂၀၁၇ ခုနှစ်မှာကျင်းပတဲ့ ကမ္ဘာလုံးဆိုင်ရာ အင်တာနက်စွန့်ဦးတီထွင် လုပ်ငန်းရှင်များ ညီလာခံမှာ မိန့်ခွန်းပြောကြားစဉ်အတွင်း လက်လီအရောင်းစနစ်သစ်ရဲ့ ကြည်လင်ပြတ်သားတဲ့ရုပ်ပုံတစ်ခုကိုမေးခွန်းထုတ်ခဲ့ပါတယ်။ နည်းပညာအသစ်၊ အခြေခံအဆောက်အအုံအသစ်တွေကို လက်ခံယုံကြည်ကြတဲ့ အင်တာနက်စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေဟာ အနာဂတ် လက်လီအရောင်းစနစ်အသစ်ထဲကို တစ်ဟုန်ထိုးဘယ်လိုဝင်ရောက်ကြမလဲဆိုတဲ့မေးခွန်းဖြစ်ပါတယ်။

လူထု၊ ကုန်ပစ္စည်းနဲ့ နေရာထိုင်ခင်းစတာတွေပါရှိတဲ့ စီးပွားရေးအနှစ်သာရ ဆီပြန်သွားကြဖို့ ပရိသတ်ကို မေတ္တာရပ်ခံခဲ့ပါတယ်။ နေရာမှန်မှာ အချိန်ကိုက်ရောက်ရှိလာတဲ့ ဖောက်သည်ဟာ သူစိတ်ဝင်တစားရှိတဲ့ကုန်ပစ္စည်းကိုရှာဖွေမှာပါပဲ။ စီးပွားရေးလုပ်ငန်းတိုင်းဟာ ဒါကိုအခြေပြုပြီး လည်ပတ်နေကြတာပါ။ လက်လီအရောင်းစနစ်အသစ်ဆိုတာဟာ ဒီသဘောတရားကို အသစ်ဖြစ်အောင်မွမ်းမံပြင်ဆင်ထားတာပါ။ ဒါပေမဲ့ အချက်အလက်ကြီးကြီးမားမားတွေ၊ အဆင့်မြှင့်တင်ထားတဲ့ နည်းပညာတွေ၊ ဆန်းသစ်တီထွင်ထားတဲ့ ငွေရေးကြေးရေးဆိုင်ရာ တန်ဆာပလာတွေနဲ့ မွမ်းမံပြင်ဆင် ထားတာဖြစ်ပါတယ်။

'အင်တာနက်ကနေတစ်ဆင့် စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ကြရာမှာ ဖောက်သည်တွေရဲ့ လိုအပ်ချက်အလား အလာကို တွေ့နိုင်ပါတယ်။ စားသုံးသူရဲ့ ပြုမူနေထိုင်ပုံအချက်အလက်တွေကို လေ့လာမယ်။ ပြီးရင် ပုံစံထုတ်ဒီဇိုင်းရေးဆွဲမယ်။ ဈေးကွက်တင်မယ်။ ရောင်းချမယ်။ လုပ်ငန်းစဉ်တိုင်းမှာ ဖောက်သည်တွေ

mgyoe.com SAMPLE BOOK

စိတ်ကျေနပ်စေဖို့အတွက် ဝန်ဆောင်မှုပေးမယ်’လို့ ကျာန်းက ရှင်းပြခဲ့ပါတယ်။ ‘ကျွန်တော်တို့ဟာ စိတ်ကျေနပ်မှုလိုအပ်ချက်တွေကနေ ဖန်တီးထားတဲ့လိုအပ်ချက်တွေဆီ ရွေ့လျားနေကြတာပါ’။

စားသုံးသူကုန်ပစ္စည်းဖိုရမ် ကမ္ဘာ့ထိပ်သီးညီလာခံမှာ လက်လီအရောင်းစနစ်အသစ်နဲ့ ပတ်သက်လို့ ကျာန်းက သူ့အတွေ့အကြုံတွေကို မျှဝေဆွေးနွေးခဲ့ပါတယ်။ လက်လီအရောင်းစနစ်အသစ်ဆိုတာဟာ အဓိကကျတဲ့မေးခွန်းတစ်ခုပေါ်မှာ အခြေပြုထားတဲ့ စီးပွားရေးမဟာဗျူဟာတစ်ခုလို့ဆိုပါတယ်။ အွန်လိုင်းပေါ်မှာ ရှိနေကြသူတွေဒါမှမဟုတ် စတိုးဆိုင်ကိုသွားနေကြသူတွေဆီ ဘယ်လိုတန်ဖိုးတွေပေးမလဲ ဆိုတဲ့မေးခွန်းဖြစ်ပါတယ်။

‘ အဓိကကျတဲ့ကိစ္စကတော့ အော့ဖ်လိုင်းလက်လီအရောင်းကိုကြည့်ရင် ဖောက်သည်တွေအတွက် တန်ဖိုးသစ်ကို ဖန်တီးပေးဖို့လိုပါတယ်။ အတွေ့အကြုံသစ်တွေကို ပေးရမယ်။ အင်တာနက်ပေါ်မှာ ကျွန်တော်တို့အောင်မြင်အောင်ဆောင်ရွက်မပေးနိုင်တဲ့ ဝန်ဆောင်မှုလည်းဖြစ်ကောင်းဖြစ်မှာပေါ့’လို့ ကျာန်းကဆိုပါတယ်။




mgyoe.com

mgyoe.com
SAMPLE BOOK

## ၃.၃။ လက်လီအရောင်းစနစ်အသစ်ကို တွေ့ကြုံခံစားကြည့်ခြင်း။

ဖို့ဘ်မှာ ပါဝင်သူတစ်ဦးဖြစ်တဲ့ ဂျွန်ဘာ့ဒ်က လက်လီ အရောင်းစနစ်အသစ်နဲ့ ပတ်သက်လို့ သူ့အတွေ့အကြုံကိုဖော်ပြခဲ့ပါတယ်။ ဖရက်ရှ်ရှီပို ( အရင်ကတော့ ဟီမာလို့ လူသိများပါတယ် ) အလည်အပတ်ခရီးထွက်စဉ်အတွင်း အလီဘာဘာရဲ့ လက်လီအရောင်းစနစ်အသစ်ပြပွဲနဲ့ ကြုံခဲ့တာဖြစ်ပါတယ်။

'ဖရက်ရှ်ရှီပိုကို အလည်အပတ်ခရီးရောက်တဲ့အထိ (လက်လီအရောင်းစနစ်အသစ် သဘောတရား) ကို ကျွန်တော် နားမလည်ပါဘူး'။ ဖောက်သည်တစ်ယောက်အနေနဲ့ ခံစားမှုအတိုင်း၊ လိုအပ်ချက်အတိုင်း ဆူပါမားကက်ကိုရောက်သွားတာမျိုးရှိပါတယ်။ ကျွန်တော့်ဖုန်းထဲမှာရှိနေတဲ့ ဖရက်ရှ်ရှီပို တို့၊ တောက်ဘောက်တို့လို အပလီကေးရှင်းတွေနဲ့ လည်း အလုပ်ဖြစ်နေတာပါပဲ။ ထုံးတမ်းစဉ်လာအရ စတိုးဆိုင်တွေမှာလည်း ဈေးဝယ်ပါတယ်။ ' ကလစ်တစ်ချက်နှိပ်ပြီး ခြွေးချယ်' လို့လည်းရနေတာကိုး။ ပစ္စည်းတွေကို မှာယူနိုင်တယ်၊ ပို့ပေးဖို့ပြောလို့လည်းရတယ်။ လတ်လတ်ဆတ်ဆတ် ပင်လယ်စာတွေကို ကျွန်တော်ဒီလိုပဲ မှာပါတယ်။ ပို့ပေးတာပါပဲ။ အသားစိမ်းငါးစိမ်းဖြစ်ဖြစ်၊ ချက်ပြီးပြုတ်ပြီးသားဖြစ်ဖြစ် အဆင်သင့်ပဲ။ စတိုးဆိုင်မှာဆိုရင် အဆင်သင့်စားလို့ရအောင်တောင်လုပ်ပေးထားသေးတယ်။

လက်တွေ့အခြေအနေအရ အရာရာတိုင်းကို အပလီကေးရှင်းကပဲ လုပ်ပေးနေတယ်။ ပစ္စည်းတံဆိပ်ပေါ်က ကုဒ်ကို စကင်န်ဖတ်လိုက်တယ်။ ဒီပစ္စည်းရဲ့ အရင်းမူလ၊ခြံကနေစင်ပေါ်ရောက်တဲ့အထိခရီးစဉ် စတဲ့ကုန်ပစ္စည်းနဲ့ပတ်သက်လို့ ကျွန်တော်သိချင်သမျှ အကြောင်းတွေကိုပြောပြနေတယ်။ ဒါ့အပြင် ထုတ်ကုန်အကြောင်းအသေးစိတ်၊ အဆင့်သတ် မှတ်ချက်၊ သုံးသပ်ဝေဖန်ချက်တွေကိုလည်း အွန်လိုင်းမှာလိုပဲ ရှာကြည့်လို့ရတယ်။ ဖရက်ရှ်ရှီပိုက အချိန်နဲ့တစ်ပြေးညီ အချက်အလက်တွေကို စိစစ်သုံးသပ်တင်ပြထားနိုင်တာကြောင့်ပဲ။ စင်တွေပေါ်ရောက်နေတဲ့ လတ်လတ်ဆတ်ဆတ်ကုန်စည်တွေရဲ့ မှန်ကန်တဲ့ ပမာဏကိုလည်း ကုန်သည်တွေဘက်က တိတိပပသိနိုင်နေတယ်။ ဒါဟာ ဒီကနေ့ခေတ်ရဲ့ ရောင်းဝယ်ဖောက် ကားရေးပါပဲ။'

ဈေးဝယ်ခန်းမကျယ်ကြီးတွေကလက်လီအရောင်းစနစ်အသစ်ကိုမြင်ယောင်ကြည့်လိုက်ပါ။ စတိုးဆိုင်တွေမှာ တကယ့်ပကတိအခြေအနေနီးပါး စင်ကြီးတွေကို တပ်ဆင်ထားတယ်။ ပစ္စည်းတွေထဲမှာ ကိုယ်လိုချင်တဲ့ အရွယ်အစား၊ အရောင်အသွေး

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုပါစို့။ ဖုန်းမျက်နှာပြင်မှာ ကိုယ်လိုချင်တဲ့ပစ္စည်းကိုရွေးလိုက်ပါ။ လိုချင်တဲ့အရွယ်အစား၊ အရောင်အသွေးနဲ့ တခြားအချက်အလက်တွေကို ဖြည့်သွင်းလိုက်ပါ။ အပီကေးရှင်းနဲ့ စကင်န်ဖတ်လိုက်ပါ။ အိမ်အရောက်တိုက်ရိုက်ပို့ပေးစေ ချင်တယ်ဆိုရင်လည်း တိတိကျကျဖော်ပြလိုက်ပါ။ လက်ဗလာနဲ့ပြန်သွားရတဲ့အဖြစ်မျိုး မရှိတော့တဲ့သဘောပါပဲ။

လက်လီဈေးကွက်အနေနဲ့ အသစ်နဲ့တိုက်ရိုက် လက်ဗလာနဲ့ပြန်သွားရတဲ့အဖြစ်မျိုး
[illegible]

## ၃.၄။ ကုန်ထုတ်လုပ်မှုစနစ်အသစ်

လက်လီအရောင်းစနစ်သစ်ရဲ့နောက်မှာ ကပ်ပါလာမှာကတော့ 'ကုန်ထုတ်လုပ်မှုစနစ်အသစ်' ဖြစ်တယ်လို့ ဂျက်မားက ဆိုပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ ကာလတုန်းကတော့ အရာရာတိုင်းဟာ အရွယ်အစားနဲ့ တကွ စံသတ်မှတ်ချက်အတိုင်းပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ အချက်အလက်နည်းပညာခေတ်မှာတော့စံသတ်မှတ်ချက်စနစ်ကနေ ဖောက်သည်စိတ်ကြိုက်စနစ်ဆီကို ရွေ့လျားနေပါပြီ။

ဒါဟာ နောက်ပေါ်ထွက်လာမည့် လမ်းကြောင်းကြီးဖြစ်ပါတယ်။ နောက် ၁၀နှစ်၊ ၁၅နှစ်အတွင်းမှာ ကုန်ထုတ်လုပ်မှု အသစ်ဟာ မိရိုးဖလာကုန်ထုတ်လုပ်သူတွေအပေါ် အကျိုးသက်ရောက်မှု ကြီးကြီးမားမားဖြစ်လာလိမ့်မယ်လို့ ဂျက်မားက ဆိုပါတယ်။ လူအစားအလိုအလျောက်လုပ်ဆောင်တဲ့စက်ကိရိယာတွေနဲ့ ကလောက်ဒ်နည်းပညာအသုံးပြုဖို့ပျက်ကွက်တာကြောင့် ကုန်ထုတ်လုပ်တဲ့ကုမ္ပဏီတွေဟာ နောက်ကျကျန်ရစ်လိမ့်မယ်လို့လည်း ဆိုပါတယ်။

ကုန်ထုတ်လုပ်သူတွေဟာ အုံနဲ့ကျင်းနဲ့ထုတ်လုပ်ရေးကနေ တောင်းဆိုသလောက်သာထုတ်လုပ်ရေးဆီကို ဦးတည်သွားကြရမယ်လို့ ဂျက်မားကမျှော်မှန်းထားပါတယ်။ ကုန်ထုတ်လုပ်ငန်းတွေဟာ 'ဖန်တီးတာက ဦးဆုံး၊ နောက်မှ ရောင်း' ဆိုတဲ့ပုံစံနောက်လိုက်နေတာ သိပ်မကြာလှသေးပေမယ့် 'ဦးဆုံးရောင်း၊ နောက်မှ ဖန်တီး' ဆိုတဲ့နည်းလမ်းဆီ ဦးလှည့်သွားပါလိမ့်မယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

အလီဘာဘာရဲ့ ကလောက်ဒ် ကွန်ပျူတာသုံးစွဲရေးစနစ်ညီလာခံ ၂၀၁၈ မှာ ဂျက်မားဖော်ထုတ်တင်ပြခဲ့တာရှိပါ တယ်။ အတိတ်ကာလတုန်းက ကုန်ထုတ်လုပ်သူတွေဟာ ပြီးပြည့်စုံကောင်းမွန်တဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ် လျှပ်စစ်ဓာတ်အားကို အမှီသဟဲပြုခဲ့ကြရတယ်၊ အနာဂတ်ကာလမှာတော့ ကုန်ထုတ်လုပ်သူတွေအတွက် ပြီးပြည့်စုံကောင်းမွန်တဲ့ အစိတ်အပိုင်းတစ်ရပ်ဟာ အချက်အလက်တွေဖြစ်လာလိမ့်မယ်လို့ ဆိုပါတယ်။

'အတိတ်ကာလတုန်းကတော့ တပ်ဆင်ထုတ်လုပ်ရေးလမ်းကြောင်းတစ်ခုကနေ အဝတ်အထည်တစ်ဆင်တည်းကို ငါးမိနစ်အတွင်း အထည်နှစ်ထောင်ထုတ်လုပ်နိုင်ရင် အထင်ကြီးလေးစားစရာဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ ဒီကနေ့ခေတ်မှာတော့ မတူကွဲပြားတဲ့ အဝတ်အထည်ပေါင်း နှစ်ထောင်ကို ငါးမိနစ်အတွင်းထုတ်လုပ်နိုင်မှသာ အထင်ကြီးစရာပိုဖြစ်ပါလိမ့်မယ်' လို့ ဂျက်မားက အံ့အားတသင့်ပြောဆိုခဲ့ပါတယ်။ ခေတ်ပေါ်စားသုံးသူတွေဟာ ခေတ်ဆန်ဆန်ရေပန်းစားတဲ့ အဝတ်အထည်တွေလောက်နဲ့ ကျေနပ်အားရမှုမရှိတော့ဘဲ သူတို့အတွက်သီးသန့်ဖန်တီးချုပ်လုပ်ထားတဲ့ ဝတ်စုံတွေကိုသာ တောင်းဆိုလာကြပြီလို့လည်းဆိုပါတယ်။

စံသတ်မှတ်ချက်အတိုင်း ထုတ်လုပ်တဲ့စနစ်ကနေ ဖောက်သည်စိတ်တိုင်းကျစနစ်ဆီပြောင်းလဲလာတာကြောင့် ဒီကနေ့ခေတ်ကုန်ထုတ်လုပ်သူတွေဟာ အမည်စုံထုတ်ကုန်တွေကို ကျယ်ကျယ်ပြန့်ပြန့် များများစားစားထုတ်လုပ်ဖို့ မျှော်မှန်းလာကြပါတယ်။ ဝယ်လိုအားနဲ့ အံဝင်ခွင်ကျဖြစ်ဖို့အတွက် ကုန်ထုတ်လုပ်ငန်းတွေဟာ အဓိကကျတဲ့ ကိရိယာတွေ လိုအပ်လာပါလိမ့်မယ်။ အဲဒီကိရိယာတွေကတော့ လက်လီအရောင်းစနစ်အသစ်မှာ လိုအပ်တာတွေပါပဲ။ အချက်အလက် ကြီးကြီးမားမားတွေ၊ ကလောက်ဒ်ကွန်ပျူတာစနစ်၊ ဉာဏ်တု၊ အင်တာနက်တန်ဆာပလာ(အိုင်အိုတီ)တွေပဲ ဖြစ်ပါတယ်။

'ကုန်ထုတ်လုပ်ငန်းမှာ နည်းပညာသစ်ကို ဘယ်လိုလက်ခံရမှန်း မသိရင် မျက်မမြင်တစ်ယောက်ကားမောင်းသလို အဖြစ်မျိုးနဲ့ ကြုံတွေ့ရပါလိမ့်မယ်' လို့ ဂျက်မားက အကြံပြုပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

## ၃.၅။ အင်တာနက်တွင် ဖန်တီးခြင်း

ကုန်ထုတ်လုပ်ငန်းဟာ အဟောင်းကနေ အသစ်ကိုပြောင်းနေသလိုပဲ မတူကွဲပြားတဲ့ ကုန်ထုတ်လုပ်ငန်းတွေကြားက နယ်နိမိတ်မျဉ်းတွေဟာလည်း ပိုင်းဖြတ်လို့မရတဲ့ အနေအထားတွေတိုးလာပါတယ်။ ကုန်ထုတ်လုပ်မှု၊ နည်းပညာနဲ့ ဝန်ဆောင်မှုကဏ္ဍတွေဟာ ဆက်နွယ်မှုတွေပိုပြီးဖြစ်ထွန်းလာပါလိမ့်မယ်။ သဘောကတော့ လက်ရှိ ထုတ်လုပ်သူဗဟိုပြု ကုန်ထုတ်လုပ်ငန်းတွေဟာ ဖောက်သည်ကဦးဆောင်မှုပေးတဲ့ ခေတ်သစ်ဆီ ကူးပြောင်းသွားပါလိမ့်မယ်။ အငယ်စားနဲ့ အလယ်အလတ်စားလုပ်ငန်းတွေဟာ အကျိုးအမြတ်အများဆုံးဖြစ်ထွန်းလာပါလိမ့်မယ်။

ဘီတူစီ ကနေ စီတူဘီ ( ဖောက်သည်ကနေ စီးပွားရေးလုပ်ငန်းဆီ ) ကုန်ထုတ်လုပ်မှုဖြစ်စဉ်အပြောင်းအလဲနဲ့အတူ စီးပွားရေးလုပ်ငန်းငယ်လေးတွေဟာ အင်တာနက်ပေါ်မှာ ဖော်ထုတ်လာနိုင်ကြမယ်။ အချက်အလက်ကြီးကြီးမားမားတွေ ရရှိလာကြမယ်။ ဖောက်သည်ရဲ့ အချက်အလက်တွေကို ပိုင်းခြားစိတ်ဖြာသုံးသပ်နိုင်လာကြမယ်။ ဈေးကွက်ရဲ့အတွင်း သဘောထားတွေကို ရေးဆွဲနိုင်လာကြမယ်။ ကုန်ထုတ်လုပ်ရေးလုပ်ငန်းစဉ်တွေကိုလည်း လိုအပ်သလို ပြင်ဆင်နိုင်လာကြ မယ်။ ဒီလိုနဲ့ ထုတ်ကုန်သစ်ပုံစံကိုတောင် ကွန့်မြူးကောင်းကွန့်မြူးနိုင်လာနိုင်ခြေရှိတယ်လို့ ဂျက်မားက ထောက်ပြပါတယ်။

'စီတူဘီ ထောက်ပံ့လမ်းကြောင်းနဲ့ တစ်ဦးတစ်ယောက်တည်းအတွက်ရည်ရွယ် ထုတ်လုပ်ခြင်းဟာ အနာဂတ်ဖြစ် ပါတယ်။ ' အင်တာနက်မှာထုတ်လုပ်သည်'ဆိုတဲ့ ခေတ်ကာလအတွင်းမှာ ကိုယ့်ရဲ့ထုတ်ကုန်တွေကို အမေရိကန်မှာ ပုံစံ ထုတ် ဒီဇိုင်း ရေးဆွဲနိုင်တယ်။ ဂျာမနီမှာ ထုတ်လုပ်ပြီး တရုတ်မှာ တပ်ဆင်ကာ ကမ္ဘာအနှံ့ ရောင်းချနိုင်ပါတယ်' လို့ ဂျက်မား က ဖြည့်စွက်ပြောဆိုခဲ့ပါသေးတယ်။

လာမယ့်နှစ်တွေအတွင်းမှာ ' အင်တာနက်တွင်ထုတ်လုပ်သည်' ဆိုတာဟာ ကုန်ထုတ်စီးပွားလုပ်ငန်းငယ်လေးတွေရဲ့ ပို့ဆောင်ရေးနဲ့ဘဏ္ဍာရေးလုပ်ငန်းဆောင်တာတွေကို ထူးထူးခြားခြားအကျိုးသက်ရောက်မှုတွေဖြစ်ထွန်းစေလိမ့် မယ်လို့ ဂျက်မားက ယူဆပါတယ်။ ပေါက်ပေါက်လာတဲ့လမ်းကြောင်းအတိုင်းလိုက်ပါရာမှာ အင်တာနက်နဲ့ အချက်အလက် ကြီးကြီးမားမားတွေရဲ့ ဩဇာအရှိန်အဝါကို အသုံးချကြဖို့ ကုမ္ပဏီ

mgyoe.com

mgyoe.com
SAMPLE BOOK
တွေကို ဂျက်မားက တိုက်တွန်းပါတယ်။ ဒီအပြောင်းအလဲ တွေဟာ ရောင်းသူနဲ့ဝယ်သူကြားဆက်ဆံရေးကိုလည်း ပြောင်းလဲပစ်ပါလိမ့်မယ်။

သဘောကတော့ အနာဂတ်ကာလ ကုန်ထုတ်လုပ်ရေးဟာ နိုင်ငံတွေရဲ့ နယ်နိမိတ်စည်းဘောင်ကန့်သတ်ချက်တွေ ရှိတော့မှာ မဟုတ်ပါဘူး။ နိုင်ငံတစ်နိုင်ငံချင်းစီမှာ ဖန်တီးမည့်အစား ' အင်တာနက်တွင် ထုတ်လုပ်သည်'ဆိုတဲ့ ကုန်ပစ္စည်းတွေ ဖြစ်လာပါလိမ့်မယ်။ ကုန်သွယ်ရေးလုပ်ငန်းကို အဓိကမောင်းနှင်ကြသူတွေဟာ စက်ရုံတွေ၊ အင်တာပရိုက်စ်တွေ မဟုတ်တော့ဘဲ ထောင်ပေါင်းများစွာသောစားသုံးသူတွေက အဓိကမောင်းနှင်ကြလိမ့်မယ်လို့ ဂျက်မားကရှင်းပြပါတယ်။

' ကုန်ထုတ်လုပ်ငန်းတွေဟာ နိုင်ငံနယ်နိမိတ်တွေမရှိတော့ပါဘူး။ လူတစ်ဦးတစ်ယောက်ချင်းစီတိုင်းက ကုန်သွယ်ရေးလုပ်ငန်းမှာ ပါဝင်ပတ်သက်လာမှာပါ။ စည်းမျဉ်းစည်းကမ်းတွေကိုလည်း ပြန်လည်ပုံဖော်ဖို့ လိုအပ်လာမှာပါ။ ကနေ့ဖြစ်နေတဲ့ ထုံးတမ်းစဉ်လာကုန်သွယ်ရေးစစ်ပွဲဆိုတာမျိုးဟာ နောက်ဆိုရင် ရှိတော့မှာမဟုတ်ပါဘူး'။


mgyoe.com